Agribiz News www.agribiznews.com.mm
ဈေးကွက် စီးပွားသတင်း
e-Paper-0006 ၂၀၂၄ ခုနှစ် မတ် ၁၅ ရက်



# ၂၀၂၅-၂၀၂၆ ပြည်တွင်းစားသုံးဆီ လိုအပ်ချက် ပြည့်မီရေး အထူးစီမံချက် အကောင်အထည်ဖော်

နိုင်ငံတော်အတွင်း စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများကို ကြိတ်ခွဲ ရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရန် ရည်ရွယ်၍ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများကို တိုင်းဒေသကြီး ပြည်နယ်များတွင် ဇုန်အလိုက် သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံများတိုးမြှင့်ထုတ်လုပ် ရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများကို ဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို စိုက်ပျိုးရမည့် ဧကပမာဏအတိုင်း စိုက်ပျိုးရန် ဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရအောင် ဇုန်တာဝန်ခံများက အနီးကပ်ကြီးကြပ်၍ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများကို ဇုန်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန် နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဇုန်တာဝန်ခံများ ဌာနတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်ဦးစီးမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက် ဆွေးနွေးခဲ့ကြသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်တွင်း စားသုံးဆီ လိုအပ်ချက်ပြည့်မီစေရေး ရည်မှန်းချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးစီမံချက်များ ရေးဆွဲ၍ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်ရေး၊ စားသုံးဆီ ဖူလုံစေရေးအစီအမံများလျာထားဆောင်ရွက်လျက်ရှိရာ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ)ဇုန်အလိုက်စိုက်ပျိုးမည့် အစီအစဉ်အား ၂၀၂၄-၂၀၂၅ ခုနှစ်မှ စတင်၍ ဆောင်ရွက်မည်ဖြစ်သည်။

ဆီထွက်သီးနှံများတိုးမြှင့်ထုတ်လုပ်ရေး ရှေ့ပြေးလုပ်ငန်းစဉ်ကို ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်းနေကြာ ဆီထွက်သီးနှံ ၃ မျိုးစိုက်ပျိုးထုတ်လုပ်ခြင်းအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုပံ့ပိုးပေးသည့်စနစ်ဖြင့် စီမံကိန်း ရေးဆွဲဆောင်ရွက်ခဲ့ပြီး ချေး ငွေ ပံ့ပိုးမှု အနေဖြင့် မြေပဲ တစ်ဧကလျှင် ကျပ် ၃ သိန်း၊ နှမ်း တစ်ဧကလျှင် ကျပ် ၁ ဒသမ ၅ သိန်းနှင့် နေကြာ တစ်ဧကလျှင် ကျပ် ၂ သိန်းနှုန်းဖြင့် ညီမျှသည့် သွင်းအားစုများ ထောက်ပံ့၍ ဆီစက်လုပ်ငန်းရှင်များနှင့်စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသည်။

လာမည့် မိုးနှင့် ဆောင်း ဆီထွက်သီးနှံများ ပိုမိုထွက်ရှိအောင်မြင်စေရန်အတွက် ဆီထွက်သီးနှံအထူးအထွက်တိုးဇုန်များသတ်မှတ်၍ ဇုန်တာဝန်ခံများခန့်အပ် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ဆီထွက်သီးနှံအထူးအထွက်တိုးရေး ဇုန်တာဝန်ခံများ၏ လုပ်ငန်း တာဝန်များ အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ အထူးဇုန်လျာထားကော ပြည့်မီရေး အတွက် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခြင်း၊ စီမံကိန်း၏ရည်မှန်းချက်များအောင်မြင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအဆင့်တိုင်းတွင် အချိန်မီ ဆောင်ရွက်ရန် တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ စီမံကိန်း အကောင်အထည်ဖော်သည့် အဖွဲ့များကို အနီးကပ် ကြီးကြပ် ဆောင်ရွက်ခြင်း၊ လိုအပ်သည့် မျိုးစေ့၊ သွင်းအားစု၊ ထွန်ယက်ရေးနှင့် စိုက်ပျိုးရေ တို့ကို သီးနှံ အတွက် လိုအပ်ချိန်တွင် ပံ့ပိုးပေးနိုင်ရေး ၊ အထူးဇုန်အလိုက် စိုက်ဧရိယာများတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေးလုပ်ငန်းများ ကွင်းဆင်းကြီးကြပ်ခြင်း၊ ဆီထွက်သီးနှံ အထူးဇုန်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံ့ စီးပွား

စာ-၃ သို့

တန်ဖိုးကြီး ဈေးပါး ဆေးဖက်ဝင် ဗီလား

စာ-၈

အေအိုင်နှင့် စိုက်ပျိုးမွေးမြူရေး

စာ-၁၆

# ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေ စီမံအုပ်ချုပ်မှုကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၉

ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေ ထူထောင်မှု သဘောတူစာချုပ်အရ သုတေသနရန်ပုံငွေစီမံအုပ်ချုပ်မှုကော်မတီ အစည်းအဝေးကို မတ်လ ၈ ရက်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် ကော်မတီ အဖွဲ့ဝင်များ က Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တနင်္သာရီတိုင်း ဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ငါးလုပ်ငန်းဆိုင်ရာ သုတေ သ န ရ န် ပုံ ငွေ ထူ ထော င် ဆောင်ရွက်ခဲ့မှု ၊ လက်ရှိ လုပ်ငန်းများအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများအား တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများ နှင့် ငါးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်သင့်သည့်လုပ်ငန်းဆိုင်ရာများကို ဖြည့်စွက် ဆွေးနွေးခဲ့ကြသည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်း အဖွဲ့ချုပ်တို့ လက်မှတ်ရေးထိုးခဲ့သော ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်မှုသဘောတူ စာချုပ်အရ တနင်္သာရီတိုင်းဒေသကြီးရှိ လုပ်ငန်းရှင်များ၏ ပြည်ပတင်ပို့သည့် ရေထွက်ကုန် ပစ္စည်းတင်ပို့မှု တန်ဘိုးမှ သုညဒသမ ၅% ကို သုတေသနရန်ပုံငွေအဖြစ် ကောက်ခံခဲ့ရာ ၂၀၂၄ မတ် ၆ ရက်နေ့အထိ ကျပ်သိန်းပေါင်း ၂၅၇၀၀ ကျော် ရရှိခဲ့ပြီးဖြစ်သည်။

ငါးလုပ်ငန်းနှင့်ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ရန်ပုံငွေစီမံ အုပ်ချုပ်မှုကော်မတီ အ စ ည်း အ ဝေး ဆုံး ဖြ တ် ချ က် ဖြ င့် ဘ ဏ္ဍာ ရေး လု ပ် ထုံး လု ပ် န ည်း များ နှင့်အညီ သုံးစွဲပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဂျင်းခရု (Hard Clam) ပျံ့နှံ့တည်ရှိမှုအား အကဲဖြတ်ဆန်းစစ်ပြီး ရေရှည် စဉ်ဆက်မပြတ် မွေးမြူ ထုတ်လုပ် နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်း ၊ ကလွင်စခန်းအား ငါးမွေးမြူရေး အလေ့အကျင့်ကောင်း ဂျီအေကျူပီ (Good Aquaculture Practices - GAqP) Model Farm တည်ဆောက်ရေးစီမံကိန်း၊ ရေသတ္တဝါများ၏ ရောဂါဖြစ်ပွားမှု အခြေအနေများအား သုတေသနပြု စမ်းသပ်ဆောင်ရွက်ခြင်း လုပ်ငန်းများ ကို ငါးလုပ်ငန်း ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မွေးမြူရေး သုတေသနဦးစီးဌာနက မွေးမြူသုတေသန (ကျွန်းစု) စခန်း အဆင့်မြှင့်တင်ခြင်း၊ ကျောက်ငါး (Greasy grouper) မျိုးငါးကြီးများကို မျိုးဥနှင့်မျိုးရည်များ ဖွံ့ဖြိုးလာစေရန် မတူညီသော အစာ၊ ဆေးဝါးများ နှင့် စမ်းသပ် သုတေသနပြုခြင်း၊ ငါးပါးနီ (Lutjanus sp) (red snapper) ငါးများအား မျိုးဥနှင့် မျိုးရည်များ ရင့်ကျက်လာစေရန် မတူညီသောအစာ၊ ဆေးဝါးများဖြင့် စမ်းသပ် သုတေသန ပြုခြင်းလုပ်ငန်း ၊ Seabass (Lates calcarifer) ကကတစ်သားပေါက်များအား မတူညီသောအစာနှင့် စမ်းသပ်သုတေသနပြုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြိတ်တက္ကသိုလ် ကတာဝန်ယူကာ မြိတ်မြို့ဝန်းကျင်ရှိ ခရုကမာထုတ်လုပ်မှုများအား လေ့လာ ခြ င်း ၊ န ည်း စ န စ် ကျ န သော အ သား တိုး မွေး မြူ ခြ င်း နှ င့် သား ဖောက်မွေးမြူခြင်း တို့ကို သုတေသနပြုခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MOALI

# အာဟာရပြည့်ဝသောတိရစ္ဆာန်အစာ ကျွေးမွေးနိုင်ရန် နည်းပညာသရုပ်ပြ

နေပြည်တော် မတ် ၉

မွေးမြူရေးတိရစ္ဆာန်များ ကြီးထွားဖွံ့ဖြိုးမှုနှင့် အသားထွက်ရှိမှု မြင့်မားပြီး မွေးမြူရေး တောင်သူများ ဝ င် ငွေ အ ကျိုး အ မြ တ် ရ ရှိ ရေး အတွက် မွေးမြူရေးတိရစ္ဆာန်အစာ သ ည် လွ န် စွာ အ ရေး ပါ လျ က် ရှိ သည်။ ၎င်းအပြင် စားကျက်အခက်အခဲရှိသည့် ဒေသများ၌ တိရစ္ဆာန်အစာလို အပ်ချက်သည် စိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့ရလျက်ရှိရာ တိရစ္ဆာန် အစာ စိုက်ပျိုးကျွေးမွေးနိုင်ရေးနှင့်တိရစ္ဆာန်အစာ ပြုပြင်စီမံ ဆောင်ရွက်ရန် နည်းလမ်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန က ဖြန့်ဝေပေးခြင်းနှင့် လိုအပ်ချက်များ ကူညီပေးခြင်းတို့ ကို ဆော င် ရွ က် ပေး လျ က် ရှိကြောင်း သိရသည်။

စားကျက် အခက်အခဲရှိသည့် ဒေသများ နှင့် တိရစ္ဆာန်အစာ အစိမရနိုင်သော ခြောက်သွေ့ကာလတွင် အာဟာရပြည့်ဝသော တိ ရ စ္ဆာ န် အ စာ ကျွေး မွေး နိုင် ရ န် တိရစ္ဆာန်အစာ ချဉ်ဖတ်ပြုလုပ်ခြင်းနှင့် ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်ထုတ်လုပ်ခြင်း သရုပ်ပြပွဲကို မတ် ၉ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ရှိ နို့စားနွားမွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့် ဖြူးရေးခြံ၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိရစ္ဆာန်ကျ န်း မာ ရေး လု ပ် သား များ န ှင့် မွေးမြူရေး တောင် သူများ စုစုပေါင်း ၁၁၃ ဦးတို့ တက်ရောက် လေ့လာခဲ့ကြသည်။

သရုပ်ပြပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများ က တိရစ္ဆာန်အစာ ချဉ်ဖတ်ပြုလုပ်ပုံ နှင့် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ထုတ်လုပ်ပုံများကို လက်တွေ့ဆောင်ရွက်ပြသပြီး မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး နှင့် အတွက် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အတွက် တိရစ္ဆာန်အစာ၏ အရေးပါပုံ၊ ရောဂါဒဏ်ခံနိုင်မှု၊ထွက်ရှိလာသော အသား၏စားသုံးမှုအရသာ အရည်အသွေး အပေါ် တိရစ္ဆာန်အစာ၏ လွှမ်းမိုးမှုတို့ကို အသိပညာပေး ရှင်းလင်း ဆွေးနွေး ခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI






## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်သည်။ မိုးအခြေ အနေနှင့် မိုးရွာရက်မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည် နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်း ဒေသကြီးတွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည် တော်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေး တိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ် နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

## နေ့အပူချိန်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် တို့တွင် မတ်လ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှခြောက်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှသုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များ အောက် ကျဆင်းလာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များ အောက် ကျဆင်းလာနိုင်သည်။ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မ ခန့်နှင့် ပဲခူးမြို့တွင် တစ်ပေခွဲခန့်၊သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်း မြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှတစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိ ရေမှတ်များ အထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည်သီပေါမြို့တွင် သုံးလက်မခန့်နှင့် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့်နှင့် မဒေါက်မြို့တွင် သုံးလက်မ ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေ မှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm
THE AGRIBIZNEWS

**တာဝန်ခံအယ်ဒီတာ**
ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**
ဦးအောင်ဇံထွေး(မြဲ-၀၀၄၁၀)

**လိပ်စာ**
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

မျက်နှာဖုံးမှ

မြှင့်တင်ရေးရန်ပုံငွေဖြင့် အရင်းမပျောက် ချေးငွေများ ထုတ်ချေးနိုင်ရေး၊ ထွက်ရှိ လာသော သီးနှံများ စျေးကွက်ရရှိရေး စသည့်လုပ်ငန်းများကို တိုင်းဒေသကြီး ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန် သတ်မှတ်ထားရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

အထူးအထွက်တိုးရေးဇုန်များ သတ်မှတ် ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းပညာ ပြည့်စုံကောင်းမွန်စေရန် နှင့် တောင်သူများကို အကြံဉာဏ်များ ထိထိ ရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများအား အရည်အချင်းအလိုက် စိစစ်ရွေးချယ်၍တာဝန်ပေးအပ်ထားပြီး တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှု၊ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မှုတို့ဖြင့် ဆီထွက်သီးနှံ အထွက်နှုန်းတိုးတက်ရေး ကြိုးပမ်း ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

MOALI



# စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ်မှစ၍ ထုတ်လုပ်မှု အထောက်အကူပြု သုတေသနများ ဆောင်ရွက်

နေပြည်တော် မတ် ၉

ပြည့်တွင်းစားသုံးဆီ ဖူလုံပို လျှံစေရန် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးခြင်း နှင့် တစ်ကေချင်း ၏ ဆီထုတ်လုပ်နိုင်မှုမြင့်မားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက် တစ်ခုဖြစ်သော မျိုးမြှင့်တင်ခြင်းကို ပညာရှင်များနှင့်သုတေသီများက ကြိုးပမ်းဆောင်ရွက်လျက် ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့်ပညာရေးဗဟိုဌာနက ဦးဆောင်၍ ဆရာ၊ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ က ဆင်းရွှေကြာ (၂) နေကြာမျိုးအား မျိုးမြှင့်တင်ခြင်းကို မတ် ၉ ရက်နေ့ နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၏ လက်တွေ့လေ့လာမှု အထောက်အကူပြု စိုက်ကွင်းတွင် စိုက်ပျိုးထားရှိသော ဆင်းရွှေကြာ(၂)နေကြာမျိုး မျိုးမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်အားပေးပြီး နေကြာမျိုး ရွေးချယ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် နည်းပညာများ၊ သိမှတ်ဖွယ်ရာများကို ရှင်းလင်း ပြောကြားရာတွင် ပင်ခြားဝတ်မှုန်ကူးသော အပင်မျိုးဖြစ်သည့် နေကြာကို စပ်မျိုးထုတ်လုပ်ရန် ကောင်းမွန်သည့် ဗီဇအစုအဖွဲ့ ပါသော အခြေခံမျိုး(Base Population) ကို ဖန်တီးမွေးမြူရန် လိုအပ်မှုကို သတိပြုရန်နှင့် ယခုဖန်တီးမွေးမြူရာတွင် ကျင့်သုံးသည့် နေကြာပွင့်အရွယ်အစားကို တန်ဖိုးဖြတ်ရွေးချယ်ကာ နောက်သားဆက်အချင်းချင်း ပြန်လည် ဝတ်မှုန်ကူးစေခြင်း (Phenotypic Recurrent Mass Selection)နည်းဖြင့် လိုလားအပ်သော လက္ခဏာများကို လွှမ်းမိုးထားသည့်ဗီဇများအား စုစည်းစေခြင်းဖြင့် ပိုမိုကောင်းမွန်သည့် မျိုးဖြစ်စေရန် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မျိုးစေ့ထုတ် လုပ်ငန်းများတွင် ပညာရှင်များ၊ သုတေသီများ၊ စိုက်ပျိုးသူ တောင်သူများနှင့် ရောင်းဝယ်ဖောက်ကားသူများအားလုံး ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြမှသာ ပြည်ပမှ မျိုးစေ့တင်သွင်းအသုံးပြုရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးတက္ကသိုလ် အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့် စိုက်ပျိုးရေးပညာရှင်များကို သင်ကြားလေ့ကျင့် မွေးထုတ် ပေးလျက် ရှိရာ ၂၀၂၄ ခုနှစ်တွင် တက္ကသိုလ်နှစ် ၁၀၀ ပြည့်ပြီဖြစ်ကြောင်း၊ ရာပြည့်နှစ်မှ စတင်၍ ထုတ်လုပ်မှု အထောက်အကူပြု သုတေသနများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

MOALI



# လယ်ယာကဏ္ဍစာရင်းအင်းအရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မြစ်ကြီးနားတွင်ကျင်းပ

မြစ်ကြီးနား မတ် ၉

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကြီးမှူး၍ လယ်ယာကဏ္ဍစာရင်းအင်း အရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့်လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၇ ရက်မှစ၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် သုံးရက်ကြာ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ပြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာမြေဥပဒေဆိုင်ရာ သိမှတ်ဖွယ်များနှင့်လို က်နာရမည့် လုပ်ငန်းစဉ်



များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်(စာရင်းအင်း ဌာနခွဲ)၊ ညွှန်ကြားရေးမှူး ဦးမြင့်သိန်း (ကြေးတိုင်၊ စီမံကိန်းနှင့် သုတေသနဌာနခွဲ)တို့က ကချင် ပြည်နယ်အတွင်းရှိ ခရိုင်မြို့နယ်များမှ အရာထမ်းအမှုထမ်း ၉၁ ဦးအား လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းများ ကောက်ယူပြုစုရာတွင် မြေစာရင်းလက်စွဲ ဥပဒေ ပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များအပေါ် အခြေခံ၍ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ၊ လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရာတွင် အလေးထားလိုက်နာရမည့် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။

DALMS

# တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မျိုးစေ့ပြပွဲ ၂၀၂၄ (Seed Fair 2024) ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် မတ် ၁

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန က တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေးကဏ္ဍလုပ်ရှားမှု ရက်သတ္တပတ်ကိုဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်နေ့ နံနက်ပိုင်း တွင် နေပြည်တော် ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံ ကျောင်းဝင်း၌ "မျိုးစေ့ပြပွဲ ၂၀၂၄" (Seed Fair 2024) ဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ သည်။ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းနောင် နှင့် ဦးထွန်းအုံ၊ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၊ ဒုတိယဝန်ကြီးများ ၊ အမြဲတမ်းအတွင်းဝန် နှင့် ဦးစီးဌာနများ မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ် နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ လယ်ယာကဏ္ဍဆိုင်ရာ အဖွဲ့ အစည်းများ နှင့် မျိုးစေ့ကုမ္ပဏီများ မှ ကိုယ်စားလှယ်များ၊ မျိုးစေ့ထုတ်အသင်းအဖွဲ့ များ၊ နေပြည်တော် ကောင်စီ နယ်မြေ မြို့နယ်များ မှ တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ် တင်သွင်းဖြန့်ဖြူး ရောင်းချသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံသူ နိုင်ငံသားများ အားလုံး စားရေရိက္ခာဖူလုံစွာဖြင့် အာဟာရပြည့်ဝစွာ ရရှိနိုင်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စားရေရိက္ခာဖူလုံရေး၊ အာ ဟာရပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေ တိုးတက်စေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် သီးနှံများ၏ မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးသည် လယ်ယာကဏ္ဍအတွက် အရေးကြီးဆုံး လုပ်ငန်းစဉ်ဖြစ်ကြောင်း။ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းဖြင့် ရောဂါပိုးမွှားဒဏ်ခံနိုင်မှု၊ ရေငတ်ဒဏ်ခံနိုင်မှု၊ ရေဝပ်ဒဏ်ခံနိုင်မှု၊ အပူချိန် နိမ့်မြင့်ဒဏ် ခံနိုင်မှု စသည့် အကျိုးကျေးဇူးများနှင့်အတူ သီးနှံများ၏ အရည်အသွေး နှင့် အထွက်နှုန်း တိုးတက်လာပြီး ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးကို လက်တွေ့ အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသည့် အနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထောက်ခံချက် ဖြင့် နိုင်ငံသားပိုင်ကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်နေနိုင်ကြပြီ ဖြစ်ပါကြောင်း။ နိုင်ငံ့အကျိုး၊ တောင်သူ လယ်သမား များ အကျိုးကို ရှေးရှုပြီး၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို သက်ဆိုင်ရာဌာနများ၊ ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍများ အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်း။

မိမိတို့နိုင်ငံ၏ကွဲပြားခြားနားသော ဒေသရေမြေရာသီဥတု အနေအထားအရ သီးနှံမျိုးပေါင်းများစွာကို မျိုးစေ့ထုတ်လုပ်ရန်အတွက် အခြေအနေကောင်းများစွာရှိနေရာ မျိုးစေ့ ထုတ်လုပ်တင်ပို့သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် ပြင်ဆင်မှု၊ ဖြေလျော့မှု၊ ပံ့ပိုးကူညီမှုများကို ဖန်တီးပေးပြီး ပြည်တွင်းမျိုးစေ့ထုတ်လုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် အနာဂတ်တွင် ပြည်တွင်းလိုလောက်မှု ရှိရုံသာမက စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်တင်ပို့သည့် နိုင်ငံအဖြစ်ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက် သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မျိုးစေ့ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက် လျက်ရှိကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်ပြီး၊ မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်ကိုက်ညီပြီး ဒေသအလိုက်အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြခြင်းဖြင့် မျိုးစေ့ထုတ်လုပ်သူများနှင့် သုံးစွဲသူ တောင်သူလယ်သမားများ နှစ်ဦးနှစ်ဖက် အကျိုး ဖြစ်ထွန်းကြစေရေး ဦးတည် ဆောင်ရွက်ကြရန် အထူးမှာကြားလိုပါကြောင်း။

၂၀၁၈ ခုနှစ်မှ စတင်ကျင်းပပြုလုပ်ခဲ့ရာ ယခု "မျိုးစေ့ပြပွဲ ၂၀၂၄" Seed Fair 2024 သည် ဆဋ္ဌမ အကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး၊ မျိုးစေ့ပြပွဲများကို အခြေတည်၍ အစိုးရဌာနနှင့် ပုဂ္ဂလိက တို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မျိုးစေ့ကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေပြီး၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဆထက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နှင့် ဧည့်သည်တော်များသည် မျိုးစေ့ကုမ္ပဏီများ မှ ကိုယ်စားလှယ်များ၊ မျိုးစေ့ထုတ်အသင်းအဖွဲ့များ၊ နေပြည်တော် ကောင်စီနယ်မြေ မြို့နယ်များမှတောင်သူလယ်သမားများ ၊မျိုးစေ့ထုတ်လုပ် တင်သွင်း ဖြန့်ဖြူး ရောင်းချသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့ထုတ် အသင်း အဖွဲ့များ က ခင်းကျင်းပြသထားသည့် ပြခန်းများ၊ သီးနှံမျိုးနမူနာများ စမ်းသပ်စိုက်ပျိုးထားသည့် စိုက်ကွင်းများ ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း(GAP) စံပြစိုက်ခင်းများကို လှည့်လည်ကြည့်ရှုကြသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်မီသော မျိုးစေ့များကို လိုအပ်သောအချိန်တွင်လိုအပ်သော ပမာဏကို သင့်တော်သော နှုန်းထားဖြင့် တောင်သူလယ်သမားများ အလွယ်တကူ ရရှိသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီက ကုမ္ပဏီအဖွဲ့အစည်းများမှ တင်ပြလျှောက်ထားလာသည့် မျိုးသစ်များကို စိစစ်ပြီး၊ မျိုးသစ်အသိ အမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ မျိုးစေ့လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ မျိုးစေ့တင်သွင်း တင်ပို့ခြင်း အတွက် ထောက်ခံချက် ထုတ်ပေးခြင်း လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်

စာ- ၇ သို့



# မန္တလေးတိုင်းဒေသကြီး၏ သီးထပ်စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေးနှင့် သီးနှံစိုက်ဧရိယာများ စိုက်ပျိုးရေဖူလုံစွာအသုံးပြုနိုင်ရေးစီမံဆောင်ရွက်

နေပြည်တော် မတ် ၁၁

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၏ သီးထပ်စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေးနှင့် သီးနှံစိုက်ဧရိယာများ စိုက်ပျိုးရေဖူလုံစွာအသုံးပြုနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် မြစ်သားမြို့နယ်၊ တမာပင် ကျေးရွာအနီး မကျီးရိုးရေလွှဲဆည်လက်ဝဲမြောင်းရေသောက်စနစ်နှင့် တောင်သူများ စီးပွားဖြစ်စိုက်ပျိုးထားသော သခွားမွှေးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေး အားပေးပြီး ရေပိုရေလျှံများ ပြန်လည်အသုံးချနိုင်ရေး၊ သီးနှံအလိုက်အချိန်မီ ရေပေးဝေနိုင်ရေးလုပ်ငန်း ဆိုင်ရာများကို တာဝန်ရှိသူများအား မှာကြားသည်။

အလားတူ တမာပင်ကျေးရွာရှိ ပုဂ္ဂလိက ဥစားကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေး အားပေး ပြီး ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအကြံပြုဆွေးနွေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြစ်သား မြို့နယ် ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြစ်သားမြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးအစီအမံများ၊ သက်တမ်းတိုစပါးမျိုး စိုက်ပျိုးနိုင်ရေး၊ နွေနှမ်းသီးနှံ အချိန်မီ တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရာတွင် ဒေသတစ်ခုနှင့်တစ်ခု ရေပေးဝေသည့်စနစ် မတူညီနိုင်သည့်အတွက် စိုက်ပျိုးရာတွင် လွယ်ကူထိရောက်စေရန် တာဝန်ရှိသူများ ကိုယ်တိုင်ကွင်းဆင်း၍ ရေပေး နည်းစနစ်များ၊ စိုက်နည်းစနစ်များကို စနစ်တကျလေ့လာဆောင်ရွက်ကြရန်၊ သီးနှံများ စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ စက်ကိရိယာများ သုံးစွဲနိုင်ရေးနှင့် ရေသွင်း ရေထုတ်လွယ်ကူသည့် ပေါင်ကြီးတင် စနစ်ကို အသုံးပြု၍ တစ်ကွင်းတစ်စပ်တည်းစိုက်ပျိုးလုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

၎င်းနောက် ဒုတိယဝန်ကြီး သည် စဉ့်ကိုင်မြို့နယ် ဆောက်အင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း တွင် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဆီထွက်သီးနှံ နွေနှမ်း တိုးချဲ့စိုက်နိုင်ရေး၊ ရေသောက်ဧရိယာအားလုံး တစ်နှစ်သီး စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင် အထွက်နှုန်း ရရှိရေး နှင့် သီးထပ်စွမ်းအားတိုးမြှင့်နိုင်ရေး စံပြဖုန်တစ်ခုဖြစ်လာရန် အတွက် ဒေသခံ တောင်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေး ပြောကြားပြီး နွေနှမ်းသီးနှံ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာ ဦးစီးဌာနက ထွန်ယက်မြေပြင်နေမှုနှင့် တောင်သူ ဦးကျော်နိုင်ဦး ၏ နွေစပါး ရောတိုး ၆ ဧကစမ်းသပ်ကွက် ကို ကြည့်ရှုအားပေးသည်။ ဆောက်အင်းမြစ်ရေတင်စီမံကိန်း ဧရိယာတွင် ဒေသခံတောင်သူများ လက်တွေ့လေ့လာနိုင်ကြရန် ရေအစက်ချစနစ်၊ရေဖျန်းစနစ်အမျိုးမျိုးဖြင့် ရေချွေတာသုံးစွဲ စိုက်ပျိုးနည်းစနစ်များ၊ ဆည်ရေပေးသွင်းမှုနည်းစနစ် အမျိုးမျိုး၊ နေ ရောင်ခြည်စွမ်းအင်အသုံးပြု၍ ရေတင်နိုင်သည့် နည်းစနစ်များအား သုတေသန စံပြစိုက်ခင်းကဲ့သို့ ဆောင်ရွက်ထားရှိကြောင်း၊ ဆောက်အင်းမြစ်ရေတင်စီမံကိန်းကို ၂၀၂၁-၂၀၂၂ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၇၁% ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၂၃-၂၀၂၄ခုနှစ်တွင် မိုးသီးနှံ ဧက ၃၀၀ လျာထား စိုက်ပျိုးနိုင်ခဲ့သည်။ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိနေသော ၂၉% ကို ၂၀၂၄-၂၀၂၅ခုနှစ်တွင်ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်းဧက ၁၀၀၀ သီးထပ် စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

MOALI

□

# တရုတ်နိုင်ငံသို့ အမဲသား ပိုမိုတင်ပို့ရန် လာအိုကုမ္ပဏီတစ်ခု ဆောင်ရွက်နေ

**လာ**အိုနိုင်ငံရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုသည် နိုင်ငံမြောက်ပိုင်းရှိ Bokeo ပြည်နယ်တွင် နွားမွေး မြူရေးခြံတစ်ခု တည်ဆောက်နေပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များ အထူးသဖြင့် တရုတ်နိုင်ငံသို့ အမဲသား တင်ပို့ရောင်းချရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

လူမှုစီးပွားသတင်း အစီရင်ခံစာအရ Duang Chalern Development Construction Company Group အား လာအိုနိုင်ငံမြို့တော် ဗီယန်ကျင်း၏ အနောက်မြောက်ဘက် ၃၄၀ ကီလိုမီ တာအကွာ၊ Bokeo ပြည်နယ်ရှိ ခရိုင် ၂ ခုတွင် စုစုပေါင်းဧရိယာ ၃,၆၈၇ ဟက်တာရှိသည့် မြေ ၅ ကွက်အား နွားမွေးမြူရန်နှင့် မြက်များစိုက်ပျိုးရန် နိုင်ငံတော်မှ ခွင့်ပြုပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါစီမံကိန်းသည် ၂၀၂၁ ခုနှစ်မှ စတင်ခဲ့ပြီး နွားမျိုးစိတ် ၄ မျိုးကိုစမ်းသပ်မွေးမြူခဲ့ပြီး ယခုအချိန်အထိ နွားအကောင်ရေ ၁,၀၀၀ ကျော်ကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ခဲ့ကာ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံသို့လည်း တင်ပို့ခဲ့ကြောင်း ကုမ္ပဏီ၏ ဥက္ကဋ္ဌ Khamphaiy Silaxa က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါစီမံကိန်းသည် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် ၃၀၀ ကျော်ကို ဖန်တီး ပေးထားပြီး Bokeo ခရိုင်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေ သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လာအိုနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရေးပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော် ရရှိခဲ့ပြီး ပို့ကုန်ရည်မှန်းချက် ၂၀ ဒသမ ၁၈ ရာခိုင်နှုန်းကို ကျော်လွန်ခဲ့ကြောင်း၊ အဓိကတင်ပို့ သည့် လယ်ယာထွက်ကုန်များမှာ ငှက်ပျော သီး၊ ရော်ဘာ၊ ပီလောပီနံ၊ ကြံ၊ ကျွဲ၊ နွားများဖြစ်ပြီး တရုတ်နိုင်ငံမှ ဝယ်ယူမှု အများဆုံးဖြစ်ကြောင်း သိရှိရသည်။

လာအိုအစိုးရသည် နိုင်ငံခြားငွေ ရရှိရန်နှင့် ငွေလဲနှုန်းမြင့်မားမှုကို လျှော့ချနိုင်ရေးအတွက် ပို့ကုန်တိုးမြှင့်ရန် လယ်သမားများနှင့် ထုတ်လုပ်သူများကို တိုက်တွန်းအားပေးလျက်ရှိကြောင်း သိရှိရသည်။

ကေခိုင်ကျော်

# ပြည်ပမှ အစေ့ထုတ်ပြောင်းမျိုးစေ့တင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်နိုင်ရေးဆွေးနွေး

နေပြည်တော် မတ် ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် နေပြည်တော် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝန်းအတွင်း ကျင်းပလျက် ရှိသည့် "မျိုးစေ့ပြပွဲ ၂၀၂၄" သို့ လာရောက်ကြသည့် အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ် ကုမ္ပဏီ များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အစေ့ထုတ်ပြောင်း သီးနှံ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးရာတွင် အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ်ကုမ္ပဏီများ၏ ပြည်တွင်း၌ နှစ်အလိုက် အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ်မည့် လျာထားချက်များနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ထုတ်လုပ်သည့် မျိုးများအား ပူးပေါင်းထုတ်လုပ်မှုအစီအစဉ်များ၊ မျိုးအရည်အသွေး ကျဆင်းလာသော အစေ့ထုတ်ပြောင်းမျိုးများအား မျိုးစေ့မှတ်ပုံတင်ထားရှိမှုမှ စိစစ်ပယ်ဖျက်၍ အထွက်ကောင်းသည့် မျိုးသစ်များ ထုတ်လုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း၊ ပြည်တွင်း အစေ့ထုတ်ပြောင်းမျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာများအား ဒုတိယအကြိမ် ထပ်မံ ဆွေးနွေးပြီး ပြည်ပမှ တင်သွင်းမှုကို လျှော့ချ၍ ပြည်တွင်းတွင် မျိုးစေ့တိုးတက်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် မိုးရာသီတွင် ဧက ၁ ဒသမ ၃ သန်းကျော်၊ ဆောင်းရာသီတွင် ဧက သုညဒသမ ၁၇ သန်းကျော်၊ စုစုပေါင်း ဧက ၁ ဒသမ ၄ ၇ သန်းကျော် စိုက်ပျိုးလျက်ရှိရာ နှစ်စဉ် လိုအပ်လျက်ရှိသည့် အစေ့ထုတ်ပြောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့များအား ရာနှုန်းပြည့် ဖြည့်ဆည်းနိုင်ရေး အတွက် အတွေ့အကြုံရှိသည့် ကုမ္ပဏီများမှ ပြည်တွင်းစပ်မျိုးများ ပိုမို ထုတ်လုပ်နိုင်ရေးကို နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **MOALI**

# မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းနှင့်တွေ့ဆုံ ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် မတ် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် နေပြည်တော် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝန်းအတွင်း ကျင်းပလျက်ရှိသည့် မျိုးစေ့ပြပွဲ(၂၀၂၄)သို့ မတ်လ ၂ ရက်နေ့တွင် လာရောက်လေ့လာကြသည့် မြန်မာနိုင်ငံပျား လုပ်ငန်းအသင်း၊ ပုဂ္ဂလိက ပျားမွေးမြူသူ ၊ ပြည်ပသို့ ပျားရည်တင်ပို့ သူများအား တွေ့ဆုံ၍ ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်း တာဝန်ရှိသူများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များက ပျားရောဂါကာကွယ်ကုသမှုကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန က ဦးဆောင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက် နိုင်ရေး ၊ ပျားအုံများ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်းလုပ်ငန်းများ နှင့် ပျားရည် တင်ပို့ခြင်းလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့ စေရေးအတွက် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများ စီမံပေးနိုင်ရေး၊ ပြည်ပသို့ တင်ပို့မည့် ပျားရည်များ ဓါတ်ခွဲစစ်ဆေးခြင်းကို စိုက်ပျိုးရေးဦးစီးဌာန ဓါတ်ခွဲခန်း၏ ထောက်ခံချက်လက်မှတ် ထုတ်ပေး နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က နေကြာသီးနှံအပါအဝင် ပင်ခြား ဝတ်မှုန်ကူးသည့် သီးနှံများ ဝတ်မှုန်ကူးယှက်မှုကောင်းစေရန် ပျားမွေးမြူရေးကိုတွဲဖက် လုပ်ကိုင် ခြင်းဖြင့် ဝင်ငွေ နှစ်မျိုးရနိုင်သည့်အပြင် သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် အထောက်အပံ့ ဖြစ်စေသဖြင့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင် လုပ်ကိုင်လာစေရေး ပညာပေးဆောင်ရွက်ရန် လိုအပ်ချက်များ ၊ ပြည်တွင်း၌ ဆေးဝါးနှင့်အာဟာရ ဓါတ်စာအဖြစ် တန်ဖိုးထား အသုံးပြုသည့်နည်းတူ ပြည်ပဈေးကွက် ဝယ်လိုအားရှိနေသည့် ပျားရည်ထုတ်လုပ်မှု တိုးချဲ့ဆောင် ရွက်နိုင်ရေးအတွက် ဌာနနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက် နိုင်မှု အခွင့်အလမ်းများ နှင့် သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေး ပြောကြားသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး နှင့် ပြည်နယ် ၁၀ ခု တို့ရှိ မြို့နယ် ၃၁ ခု၌ ပျားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပညာပေးနှင့် ဝန်ဆောင် မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဌာနနှင့် ပုဂ္ဂလိက မွေးမြူသူ ၈၁၈ ဦးမှ ပျားအုံ ၂၀၉၀၂၁ အုံ မွေးမြူလုပ်ကိုင်လျက်ရှိပြီး လက်ရှိကာလအထိ ပျားရည် မက်ထရစ်တန် ၄၁၀၀ ကျော် ထုတ်လုပ်ပြီး ဂျပန်၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျာမနီ နိုင်ငံများသို့ မက်ထရစ်တန်ချိန် ၂၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပျားရည်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၃ သန်းခန့် ရရှိခဲ့ကြောင်း သတင်းရရှိသည်။ MOALI

Agribiz News www.agribiznews.com.mm သတင်း

မှ

ePaper များကို

ရယူလိုက်ပါ

www.agribiznews.com.mm

**စာ-၅ မျိုးစေ့ပြပွဲ မှ**

လျက်ရှိပြီး ယနေ့အထိ မိဘလိုင်း (၁၉၅)လိုင်း အပါအဝင် မျိုးသစ်အသိအမှတ်ပြုလက်မှတ်ပေါင်း ၁၈၁၉ ခု ထုတ်ပေးပြီး ဖြစ်ကြောင်း ။ လုပ်ငန်းများကို စရိတ်သက်သာ လျင်မြန်စွာ၊ ဆောင်ရွက်နိုင်ရန် အွန်လိုင်းစနစ် MAIRS (Myanmar Agricultural Inputs Registration System) ဖြင့် ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ယခုကျင်းပလျက်ရှိသည့် "မျိုးစေ့ပြပွဲ ၂၀၂၄" (Seed Fair 2024) ကို မတ်လ ၁ ရက်မှ ၃ ရက်နေ့အထိ ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ MOALI

**စာ-၁၅ အေအိုင် မှ**

ပျောက်ကွယ်ခြင်း လူနှင့် မြေ/သီးနှံ/တိရစ္ဆာန် ထိတွေ့ ဆက်နွယ်မှု အားနည်းသွားခြင်း(Cultural Shift) (၆) အေအိုင်စနစ် အသုံးပြုရာတွင် ကုန်ကျစရိတ်ကြီးမားခြင်း၊ ထိန်းချုပ်လည်ပတ်မှုစနစ် ထိရောက်စေရန် ပုံမှန် ပြုပြင်ထိန်းသိမ်းမှုလိုအပ်ခြင်း (Cost and Maintenance) (၇) အေအိုင်စနစ် အသုံးပြုရန် လုပ်ကွက်ငယ် လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်မှု အခက်အခဲရှိသဖြင့် စိုက်ပျိုးမွေးမြူရေး ကဏ္ဍအတွင်း မညီမျှမှုများကို ပိုမိုဆိုးရွားစေခြင်း (Access Disparities)

မည်သို့ပင်ဆိုစေကာမူ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်နှင့်အညီ လိုက်လျော ညီထွေ ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်ရာ အေအိုင်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲ ပြဿနာများကို တတ်နိုင်သမျှ ရှောင်လွှဲလျှော့ချနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယင်းအတွက် ရေရှည်အကျိုးတရားကို ရှေးရှုသော အမြင်ပါဝင်သည့် တာဝန်ယူမှုရှိသည့် ဖွံ့ဖြိုးမှု (Responsible Development) နှင့် စွန့်စားရမှု အန္တရာယ် အပေါ် ပြည့်စုံစွာပြင်ဆင်ဆောင်ရွက်မှု (thorough Risk Assessment) တို့ဖြင့် သတိပြုဆောင်ရွက်သွားရန် ဖြစ်ပေသည်။

**ထွန်းသက်ပိုင်**

(Chatbot ဖြစ်သည့် Microsoft Copilot GPTs နှင့် ဆွေးနွေးချက်များမှ ကောက်နှုတ်ဖော်ပြပါသည်)

■



# တန်ဖိုးကြီးရှားပါး ဆေးဖက်ဝင် မြင်းခွာကဏန်း(ဗီလား)

ပင်လယ်ပြာ(ငါးဦးစီး)

ပင်လယ်အခေါ်ဗီလားကောင်များမှာ လွန်ခဲ့သောနှစ်ပေါင်း ၄၅၀ မီလီယံခန့် ဒိုင်နိုဆောသတ္တဝါများရှိစဉ်အခါကတည်းကရှိခဲ့ကြသည်မှာ ယနေ့ထိ မျိုးသုန်းပျောက်ကွယ်မသွားသေးပေ။ကမ္ဘာပေါ်တွင် ဗီလားမျိုးစိတ်၄ မျိုး ရှိကြပါသည်။၄င်းတို့မှာ တောင်နှင့်အရှေ့တောင်အာရှတွင် တွေ့ရသော ဒီရေတောမြင်းခွာကဏန်း(Carcinoscorpius rotundicauda)၊ အမေရိကန်ပြည်ထောင်စု အတ္တလန္တိတ်ကမ်းရိုးတန်းနှင့် မက္ကဆီကို အရှေ့တောင်ပိုင်းတစ်လျှောက် တွေ့ရှိရသည့် အမေရိကန်မြင်းခွာကဏန်း(Limulus polyphemus)၊ တောင်နှင့်အရှေ့တောင်အာရှတွင်တွေ့ရသော အင်ဒို-ပစိဖိတ်၊အင်ဒိုနီးရှား-အိန္နိယ(သို့မဟုတ်)တောင်ပိုင်းမြင်းခွာကဏန်း(Tachypleus gigas)၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှတို့တွင်တွေ့ရသည့် ကျောရိုးမြင်းခွာကဏန်း (Tachypleus Tridentatus)တို့ ဖြစ်ကြသည်။

ဗီလားကို အင်္ဂလိပ်လို Horseshoe crab (မြင်းခွာဂဏန်း) ဟုအမည်တွင်ပြီး မြန်မာလို ဗီလား(သို့) ကင်းဖို၊ ကင်းမ (သို့) ရေပိုးဟု ခေါ်ဆိုကြပါသည်။ ဗီလားကို ထိုင်းလို 'မိုင်ဒါး' ဟုခေါ်ကြပြီး ဗီလားဥကို 'ခိုင်မိုင်ဒါး' ဟုခေါ်ဆိုကြပါသည်။ ဗီလားများမှာ မြင်းခွာကဏန်း(Horseshoe crab) ဟု အမည်တွင်သော်လည်း ကဏန်းမျိုးနွယ်များ မဟုတ်ကြပေ။ သို့သော်လည်း ကဏန်းတို့ကဲ့သို့ အခွံမာရေသတ္တဝါ (crustaceans) အုပ်စုတွင် 'ဗီလား' သည်လည်း ပါဝင်ပါသည်။

ဗီလားများသည် နူးညံ့သော သဲ၊ ရွှံ့စေးများ၊ ရွှံ့စေးဆန်သောနေရာများနှင့် ကမ်းရိုးတန်းတစ်ဝိုက်၌ အမိကနေထိုင်ကြပါသည်။ ၄င်းတို့သည် ဒီရေအတက်အကျရှိရာနေရာ (Intertidal Zone)တွင် သားပေါက်လေ့ရှိကြသည်။ဗီလားကို အာရှတိုက်တစ်ခြမ်း၌စားသုံးကြပြီး ငါးစာအဖြစ်လည်း အသုံးပြုကြသည်။ဗီလားမျိုးစိတ်များအနက်မှ အရှေ့တောင်အာရှတွင် တွေ့ရှိရသော ဒီရေတောမြင်းခွာကဏန်း၏ သိပ္ပံအမည်မှာ Carcinoscorpius rotundicauda ဟူ၍ဖြစ်ပါသည်။



## ဗီလားတို့၏ သဘာဝ

ဗီလားများသည် ၄င်းတို့၏ ခန္ဓာကိုယ်တစ်ခုလုံးကို မာကျောသောအရာများဖြင့် ကာကွယ်ထားကြပြီး နောက်ဆက်တွဲ ခြေထောက် ၆ စုံပါရှိပါသည်။ ပထမတစ်စုံမှာ အတော်လေးသေး၍ ပါးစပ်ရှေ့တွင်ရှိပြီး အစာစားသောက်ရန် အသုံးပြုသည်။ လမ်းလျှောက်ရာတွင် အသုံးပြုသော ခြေထောက်၅ ချောင်းမှာ အများစုတွင် ကတ်ပြားပုံသဏ္ဍာန် ရှိကြပါသည်။

ဗီလားမျိုးစိတ် ၄ မျိုးတွင် ဒီရေတောမြင်းခွာကဏန်းသည် အသေးငယ်ဆုံးဖြစ်သည်။ဗီလားအမသည် အထီးထက်ပိုကြီးသည်။နွေဦးရာသီတွင် ဗီလားများသည် ပိုမိုနက်ရှိုင်းသော ရေတိမ်ဘက်၊ရွှံ့မြေနေရာများသို့ ရွှေ့ပြောင်းသွားကြပြီး တစ်ကောင်တည်းနေလေ့မရှိပေ။နှစ်ကောင်(သို့မဟုတ်)အုပ်စုဖွဲ့၍ နေကြပါသည်။

## မျိုးပွားခြင်း

ဗီလားများသည် အစုံစားသတ္တဝါအုပ်စုဝင်ဖြစ်ပြီး ခရုငယ်များ၊ပိုးကောင်ငယ်များနှင့် အခြား Benthic ကျောရိုး များ၊ရေညှိများကို စားသုံးကြပါသည်။ တစ်ကောင်နှင့်တစ်ကောင်ထပ်လျက်မိတ်လိုက်ကြပြီး သန္ဓေအောင်သော အခါဥများကိုဥချရန်အတွက် သဲသောင်ပြင်များ၌ တွင်းများတူးထားကြပါသည်။





ထို့နောက် ဥများကိုအသုတ်လိုက် ဥချထားကာ ပင်လယ်ဘက်သို့ ထွက်ခွာကြသည်။ဗီလားအမများသည် ဥတစ်ကြိမ်ဥလျှင် ဥပေါင်း ၆၀၀၀ မှ ၁၂၀၀၀၀ အကြား ဥချနိုင်သည်ဟု လေ့လာသိရှိရပါသည်။

ဗီလားများသည် ရေငန်ဒေသ၊ ရေချိုရေငန်စပ်ဒေသများတွင် ရှင်သန်ကျက်စားကြပြီး အများအားဖြင့် ရေငန်ဒေသများတွင် ပိုမိုတွေ့ရှိရသည်။ကင်းဖို၊ ကင်းမ (ခေါ်) ဗီလားများမှာ အောက်ချင်းငှက်ဖို ငှက်မ၊ ကိန္နရီ ကိန္နရာ မောင်နှံကဲ့သို့ တူစုံယှဉ်တွဲပြီး သွားလာနေထိုင် ကျက်စားလေ့ရှိကြသည်။ တချို့က ဗီလားမောင်နှံကို ဖမ်းမိလျှင် အထီးကို ခွာပြီး ပင်လယ်ထဲပြန်ပစ်ချကြပါသည်။ ထိုအခါမှာ အထီးက အမကို ပင်လယ်ရေနောက်ကျိသွားအောင်ပြန်ရှာတတ်ကြပါသည်။

## ဗီလားဈေးကွက်

ယခင်က ဗီလားဥများကိုသာ စားသုံးကုန်အဖြစ် ဈေးကွက်ရှိပြီး ယခုနောက်ပိုင်းတွင်မူ အသားရော ဥပါ လူကြိုက်များလာကြပါသည်။ ဗီလာများမှာ အထီးနှင့်အမ အမြဲတွဲနေသောကြောင့် အမကိုဖမ်းပြီး ရောင်းကြသည်။ အမအကောင် ၁၀၀ တွင် အထီးတစ်ကောင်ရှိခဲလှသည်။ အမပေါ၍ အထီးရှားပါသည်။ ဗီလားအမအခွံ၏ ပတ်လည်တွင် ဥများရှိနေသည့်အချိန်၌ ဈေးကောင်း ရ၍ ရေလုပ်သားများ ဝင်ငွေကောင်းကြပါသည်။ ဗီလားဥကို ထိုင်းနိုင်ငံ

စာ-၁၁သို့

စာ-၁၀မှ

တွင် လူကြိုက်များပြီး သရက်သီးနှင့် သုပ်စားကြသည်။ ဗီလားကောင်များကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝယ်ယူကြပြီး ဈေးကောင်း ရရှိသော ရေသတ္တဝါလည်း ဖြစ်သည်။

အထီးမှာ အမထက် အလေးချိန်ပိုနည်းပြီး များသောအားဖြင့် အမသည် ဥများနှင့် လေးလေးပင်ပင်ရှိသောကြောင့် ကိုင်သည်နှင့် အထီးအမ ခွဲခြားနိုင်ကြပါသည်။ ဗီလားဥတစ်ကီလို (၆၀ ကျပ်သား)ရရန် ဗီလားအမ အကောင် ၃၀ ခန့် ခွဲရပါသည်။ ဥမှာ သာကူစေ့အရွယ်အဝါရောင်ရှိပြီး ဆိမ့်သောအရသာရှိသည့် ဗီလားဥကို စားသုံးပါက အကြောအခြင်တက်ခြင်းကို သက်သာစေသည်ဟု သိရသည်။

ဗီလားများ၏ ရှည်လျားပြီး ပါးလွှာချွန်ထက်နေသည့်အမြီးကြောင့် အန္တရာယ်ရှိသည့် ပင်လယ်ရေသတ္တဝါ အဖြစ် မြင်ကြသော်လည်း အမှန်တကယ်တွင် ၎င်းတို့၏အမြီးသည် အဓိကအားဖြင့် သူတို့ပက်လက်လှန်သွားသော အချိန်တွင် တဖန်ပြန်မှောက်ကာနဂိုအနေအထားကို ရှိရန်အတွက်သာ အသုံးပြု၍ ရပါသည်။

ငါးဖမ်းပိုက်ကြားတွင်ပါလာတတ်သော ဗီလားများမှာ အမြီးနှင့်ထိုးတတ်သည့်အတွက် ဖမ်းရခက်သည့် ရေသတ္တဝါလည်းဖြစ်သည်။ အနုမြူမီးချောင်းများဖြင့် ဗီလားများကို ထောင်ဖမ်းကြသည်ဟု သိရပါသည်။ အရွယ်အစားအမျိုးမျိုးရှိကြပြီး ဗီလားအနေတော်တစ်ကောင်လျှင် ၅၀၀၀-၆၀၀၀ ကျပ် ဝန်းကျင်ဈေးရှိကြသည်။


Timothy Fadek

## တန်ဖိုးကြီးရှားပါးသော ဗီလားများ၏သွေး

ဗီလားများ၏သွေးမှာ အလွန်အဖိုးတန်လှပါသည်။ အရှားပါးဆုံးသွေးကို ပိုင်ဆိုင်ထားကြပြီး ၎င်းတို့၏သွေးမှာ အပြာရောင်(blue blood) ဖြစ်ပါသည်။ ဗီလား၏သွေးကို လူသားများ၏ သွေးနှင့် တိရစ္ဆာန်များ၏ သွေးထဲမှ ဗက်တီးရီးယားများကို ရှာဖွေစစ်ဆေးရာတွင် အသုံးပြုသည့် ဗက်တီးရီးယားပိုးမွှားများ သန့်စင်ဆေးထုတ်ရာတွင် ဗီလားသွေးကို အသုံးပြုကြသည်ဟုသိရပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ဆေး များကိုစီမံရန် အသုံးပြုသော ပစ္စည်းများ၊ ဆေးထိုးအပ်နှင့် ဖန်ပုလင်းတိုင်ကို LAL ဟုအမည်တွင်သော ဗက်တီးရီးယားပိုးမွှားသန့်စင်ဆေးတစ်မျိုးနှင့် စမ်းသပ်ခဲ့ပါသည်။ LAL စမ်းသပ်မှုသည် ဗီလား(ခေါ်) မြင်းခွာကဏန်းများကို ရှာဖွေစုဆောင်းပြီး ၎င်းတို့၏တောက်ပသောအပြာရောင်သွေးများကို ထုတ်ယူကြပါသည်။ ဗီလား၏သွေးမှ တဆင့် အောက်ဆီဂျင်ကိုသယ်ဆောင်ရန် Hemocyanin ကိုသုံးသည်။ Hemocyanin တွင်ပါဝင်သော ကြေးနီကြောင့် ၎င်းတို့၏သွေးမှာ အပြာရောင်ပြောင်း လဲသွားခြင်း ဖြစ်သည်။ဗီလားကောင်များ၏သွေးထဲတွင် Amebocytes များ ပါဝင်ပါသည်။ ကျောရိုးရှိသတ္တဝါ များ၏ ရောဂါပိုးများကို ကာကွယ်ရန်အသုံးပြုကြပါသည်။

ဗီလားတစ်ကောင်လုံး အသုံးဝင်မြန်မာ့ဆေးနည်းအယူအရ ဗီလားအမြီးကို သံပုရာသီးတွင် ထိုးပြီး လူ့ခြေထောက်တွင် တဇတ်ဇတ်ထိုးခြင်းဖြင့်ကြွက်တက်ခြင်း၊ အကြောတက်ခြင်းကို ပျောက်ကင်းစေနိုင်သည်ဟု အဆိုရှိကြပါသည်။ ဗီလား၏ အခွံမာကိုလည်း မြင်း၊ နွားများ၏ခွာတွင် ကပ်ပြီး အသုံးပြုနိုင်ကြပါသည်။ အိမ်အလှဆင်ပစ္စည်းများအပြင် ဗီလားကောင်ငယ်လေးများ၏အခွံများကိုလည်း အမှတ်တရပစ္စည်းအဖြစ် သော့ချိတ်များပြုလုပ်ကြသည်ကို တွေ့ရှိရသည်။ အနောက်နိုင်ငံများတွင် ဗီလားကို မကောင်းဆိုးဝါးများ အိမ်မှနှင်ထုတ်ပေးနိုင်သည့် အကောင်တစ်မျိုးအဖြစ် အယူရှိကြပြီး အချို့အိမ်များတွင် မွေးထားကြကြောင်း သိရသည်။ ထို့အပြင်"ဗီလားတစ်ကောင်၊ ကျွဲတစ်ထောင်"ဟူသော စာဆိုအရ ဗီလားတစ်ကောင်ကို နွားတင်းကုပ်၊ ကျွဲတင်းကုပ်များတွင် ချိတ်ဆွဲထားခြင်းဖြင့် ကျွဲနွားများ ရောဂါဘယကင်းဝေးစေပါသည်။





ကာကွယ်ထိန်းသိမ်းရန်လိုအပ်

ဗီလားများ စဉ်ဆက်မပြတ် ထောက်ပံ့နိုင်ရန်နှင့် ထိန်းသိမ်းနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် မရှိသေးသော်လည်း မလေးရှားနိုင်ငံ(Johor) တွင် မြင်းခွာကဏန်းများကို မွေးမြူပြီး ၂နှစ်လျှင်တစ်ကြိမ် သမုဒ္ဒရာထဲသို့ ပြန်လွှတ်ပေးခဲ့သည်။

ဗီလားမွေးမြူရေးလုပ်ငန်းသည် ဝင်ငွေကောင်းသောလုပ်ငန်းတစ်ခုဖြစ်သည်။ဗီလား၏အရှည် ၆၀ စင်တီမီတာအထိရောက်သောအခါ သံခမောက်လုံးကြီးကဲ့သို့ အခွံများနှင့် Spikey tail များပါရှိကြ၍ ၎င်းတို့ကို ဂြိုလ်သားနှင့်တူသည်ဟုပြောဆိုကြသည်။ ဗီလားများမှာ လပြည့်နေ့နှင့် လကွယ်နေ့ ဒီရေတက်ချိန်တွင် ကမ်းခြေပေါ်တက်၍ တစ်ကောင်နှင့်တစ်ကောင်ထပ်လျက် မိတ်လိုက်ကြပါသည်။Delaware Bay သည် နှစ်စဉ်မြင်းခွာကဏန်းထောင်ပေါင်းများစွာ စုဆောင်းသည့် အဓိကမိတ်လိုက်ရာနေရာဖြစ်သည်။

ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များသည် မြင်းခွာကဏန်းမျိုးစိတ်များကိုထိန်းသိမ်းရန်အတွက် တောရိုင်းတိရစ္ဆာန် ဥပဒေအရ မျိုးသုဉ်းရန် အန္တရာယ်ရှိသော တံဆိပ်တပ်ရန် တောင်းဆိုနေကြပါသည်။မြင်းခွာကဏန်းကိုခြိမ်းခြောက်မှုများမှာ နေရင်းဒေသဆုံးရှုံးခြင်းနှင့် အလွန်အကျွံဖမ်းဆီးခြင်းကြောင့် မျိုးစိတ်များ ရှားပါးလာရခြင်း ဖြစ်ပါသည်။

## စားသုံးပုံ

ဗီလား(ခေါ်)မြင်းခွာကဏန်းများကို အာရှနယ်မြေအများအပြားတွင် စားကောင်းသောက်ဖွယ်အဖြစ် တွေ့ရပါသ ည်။ဗီလားများမှာ အခြားစားသုံးနိုင်သော ပင်လယ်သတ္တဝါများနှင့် နှိုင်းယှဉ်လျှင် ဈေးကြီးသော်လည်း စားရန်အသားအနည်းငယ်သာရှိသည်။ ပုံမှန်အားဖြင့် ဗီလားများကို စားသောက်ဆိုင်များတွင် မီးကင်ခြင်း၊ ပြုတ်ခြင်းပြုလုပ်၍ စားသောက် ကြပါသည်။

နိဂုံးအနေဖြင့်-ဗီလားများ၏ ထူးဆန်းသော သွေးအပြာရောင် သွေးရည်ကြည်သည် ယနေ့ခေတ်ပေါ် ကိုဗစ်-၁၉ ကပ်ရောဂါကို ကုသနိုင်မည့်ဆေးကို ထုတ်ဖော်ရာတွင်အသုံးဝင်သောကြောင့် ဗီလားများသည် လူ့အကျိုးပြုအခွံမာ ရေသတ္တဝါများ ဖြစ်ကြပါသည်။ ထို့ပြင် ဗီလားများသည် ပြည်ပဈေးကွက်တွင်လည်း ဈေးကောင်းရရှိနေပြီး တစ်ကောင်လုံး အသုံးဝင်သော ရေနေသတ္တဝါဖြစ်ကြပါကြောင်း ဗီလားများ၏အကြောင်းကို လေ့လာမိသမျှ ရေးသားဖော်ပြလိုက်ရပါသည်။

ပင်လယ်ပြာ(ငါးဦးစီး)







## ပေါင်မြို့နယ် ရင်းငြိမ်(မြောက်) ကျေးရွာအုပ်စုတွင် စနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်

ပေါင် မတ် ၉

**နှစ်** ၅၀ ပြည့် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်မှုလယ်ယာဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်သည့် ပေါင်မြို့နယ် ရင်းငြိမ်(မြောက်) ကျေးရွာအုပ်စုတွင် စနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၉ ရက်နေ့ ၀၈၃၀ နာရီတွင် အဆိုပါစနစ်ကျလယ်ယာမြေ ရှင်းလင်းဆောင်ဦး ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ် ဌာနဆိုင်ရာ အကြီးအကဲများ၊နှမ်းစပါးစိုက်တောင်သူများ စုစုပေါင်း ၁၅၀ ဦးတက်ရောက်ကြသည်။

ပထမဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ စီးပွားရေးရာဝန်ကြီး၊ လမ်းပမ်းဆက်သွယ်ရေးရာဝန်ကြီးတို့က လွှဲပြောင်းပေးအပ်ပွဲ မှတ်တိုင်ဆိုင်းဘုတ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် စနစ်ကျလယ်မြေ ၁၅၄ ဒသမ ၁၇ ဧက ဖော်ထုတ်ခဲ့မှု အခြေအနေများအား ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ ဦးသိန်းလွင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်က စားရေရိက္ခာဖူလုံရေး၊ ဆီထွက်သီးနှံ၊ နှမ်းစပါး တိုးချဲ့စိုက်ပျိုးရေးကိစ္စရပ်များအား လမ်းညွှန်မှာကြားပြီး တက်ရောက်လာကြသည့် တောင်သူများက စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများက တောင်သူများအား ရွှေဓါတ်သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော် မျိုးစေ့များ ပေးအပ်ကြသည်။ ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများနှင့် စနစ်ကျလယ်ယာမြေတို့အား လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။

AMD

## လာမည့်ဆယ်စုနှစ်အတွင်း လယ်ယာထွက်ကုန်တင်သွင်းမှု တရုတ်ဆက်လက်ဦးဆောင်နေမည်

**မ**ကြာသေးမီက ထုတ်ပြန်ခဲ့သည့် USDA ၏ အစီရင်ခံစာတွင် အာဖရိက၊ အရှေ့အလယ်ပိုင်း၊ တရုတ်၊ အရှေ့တောင်အာရှ၊ အနောက်အာရှနှင့် လက်တင်အမေရိကတို့သည် လာမည့်ဆယ်စုနှစ် အတွင်း ကမ္ဘာ့ကုန်သွယ်မှု၏ အဓိကမောင်းနှင်အားများဖြစ်လာလိမ့်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း၊ အဆိုပါဒေသများ၌ စားသောက်ကုန်ဝယ်လိုအား မြင့်တက်လာခြင်းသည် ကုန်သွယ်ရေးတိုးတက်မှုကို တွန်းအားဖြစ်စေမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု အရှိန်အဟုန်တွင် သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခု ဖြစ်လာမည်ဟု သိရှိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ပဲပုပ်အများဆုံး တင်သွင်းသူအဖြစ် ဆက်လက်ရပ်တည်နေမည် ဖြစ်ပြီး ၂၀၃၃-၃၄ တွင် ကမ္ဘာ့ပဲပုပ်တင်သွင်းမှု၏ ၆၂ ဒသမ ၄% ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ လာမည့် ၁၀ နှစ်အတွင်း တရုတ်နိုင်ငံ၏ ပဲပုပ်ဝယ်လိုအားသည် ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုကို ဆက်လက်မြင့်တက် လာစေမည်ဖြစ်ပြီး ကမ္ဘာ့ပဲပုပ်တင်သွင်းမှုသည် တန်ချိန် ၂၂၁ ဒသမ ၆သန်းအထိ ရှိလာမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် တရုတ်နိုင်ငံ၏ နှစ်စဉ်ကောက်ပဲသီးနှံတင်သွင်းမှုသည် ၂၀၃၃-၃၄ တွင် တန်ချိန် ၄၄ ဒသမ ၂ သန်းအထိ ရောက်ရှိလာမည်ဖြစ်ပြီး တန်ချိန် ၃ ဒသမ ၄ သန်း တိုးလာမည်ဟု မျှော်မှန်းထားသော်လည်း ၂၀၂၀-၂၁ တွင် ရောက်ရှိခဲ့သည့် အမြင့်ဆုံး စံချိန်ဖြစ်သည့် တန်ချိန် ၅၀ ဒသမ ၅ သန်း အောက် လျော့နည်း နေသေးကြောင်း သိရှိရသည်။

ကမ္ဘာ့ပြောင်းအများဆုံး တင်သွင်းသောနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ၂၀၃၃-၃၄ တွင် ပြောင်းတန်ချိန် ၂၆ သန်းတင်သွင်းမည်ဟု မျှော်မှန်းထားပြီး ပြောင်းတင်သွင်းမှုတွင် တိုးတက်မှု မရှိသလောက်နီးပါးဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ တိရစ္ဆာန်အစာဝယ်လိုအား တိုးတက်မှုသည် ပြည်တွင်းပြောင်းထုတ်လုပ်မှုထက် ပိုမိုတိုးတက်လာမည်ဟု ခန့်မှန်းထားပြီး တိရစ္ဆာန်အစာဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် တရုတ်နိုင်ငံ၏ နှံစားပြောင်းနှင့် မုယောစပါး တင်သွင်းမှုသည် ၂၀၃၃-၃၄ တွင် တန်ချိန် ၉ ဒသမ ၁ သန်းနှင့် တန်ချိန် ၈ ဒသမ ၆ သန်းအထိ အသီးသီး မြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့နှံစားပြောင်းကုန်သွယ်မှု၏ ၈၃% ခန့်ရှိပြီး နှံစားပြောင်း တင်သွင်းသည့် ထိပ်တန်းနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ၂၀၃၃-၃၄ တွင် တန်ချိန် ၉ ဒသမ ၁ သန်းခန့်ရှိမည်ဖြစ်ပြီး တင်သွင်းမှု တည်ငြိမ်နေမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် ပြောင်းတင်သွင်းမှုကို ခွဲတမ်း (Quota) သတ်မှတ်ထားသော်လည်း နှံစား ပြောင်း သို့မဟုတ် မုယောစပါး တင်သွင်းမှု တွင် ခွဲတမ်းမရှိကြောင်း သိရှိရသည်။

ထို့အပြင် တရုတ်နိုင်ငံသည် မုယောစပါးအများဆုံး တင်သွင်းသည့်နိုင်ငံအဖြစ် ဆက်လက် ရှိနေမည်ဖြစ်ပြီး တစ်နှစ်လျှင် မုယောစပါး တင်သွင်းမှု တန်ချိန် ၈ ဒသမ ၅ သန်းမှ ၈ ဒသမ ၆ သန်းအထိ ဆက်လက်ရှိနေမည်ဟုမျှော်လင့်ကြောင်း၊ တိရစ္ဆာန်အစာဝယ်လိုအားသည် မုယောစပါး တင်သွင်းမှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်သော်လည်း တရုတ်နိုင်ငံသည် မုယောစပါးကို အဓိကအားဖြင့် ဘီယာထုတ်လုပ်ရန်အတွက် တင်သွင်းခြင်းလည်း ဖြစ်ကြောင်း၊ ၂၀၂၄-၂၅ တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့မုယောစပါး တင်သွင်းမှု၏ ၂၈ ဒသမ ၃% ရှိရာမှ ၂၀၃၃-၃၄ တွင် ၂၅ ဒသမ ၉% သို့ ကျဆင်းသွားမည် ဖြစ်ကြောင်း သိရှိရသည်။

တစ်ချိန်တည်းမှာပင် တရုတ်အစိုးရအာဏာပိုင်များသည် စားနပ်ရိက္ခာထွက်ရှိမှုကို ဦးစားပေးမြှင့်တင်၍ အရံအမြောက်အများထားရှိခြင်းကြောင့် တရုတ်နိုင်ငံ၏ ဂျုံတင်သွင်းမှုသည် တန်ချိန် ၁၀ ဒသမ ၇ သန်းမှ ၂၀၃၃-၃၄ တွင် တန်ချိန် ၉ ဒသမ ၇ သန်းသို့ တဖြည်းဖြည်းကျဆင်းသွားမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

ကေခိုင်ကျော်




## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသော ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၅၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၅၀၀၀ကျပ်နှုန်းနှင့် အောက်စ တစ် တင်း ခွဲ တစ် အိ တ် လျှ င် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျဲဆန် အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၉၀၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဧည့်မထဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၈၁၀၀၀ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၈၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန်အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၇၁၀၀၀ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၇၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ယခင်ရက်သတ္တပတ်၏ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ်အေးနေခြင်းဖြစ်သည်။ ဆန်၊ပဲ၊ပြောင်း၊ရော်ဘာပို့ကုန်ရငွေ မူဝါဒဆိုင်ရာ အပြောင်းအလဲများကြောင့် ပြည်ပတင်ပို့မှုများအားချင့်ချိန်ကာ ပို့ကုန်ဆန်ဈေးများအား ဈေးနှိမ့်ဝယ်ယူမှုရှိခြင်းနှင့် အရောင်းအဝယ် အေးခြင်း၊ ဧပြီလတွင် နွေစပါးသစ်များ ဝင်ရောက်လာမည်ဖြစ်၍ ယခုမတ်လတွင် လက်ရှိမိုးစပါးများ အားထုတ်ရောင်းသင့်သော အချိန်ဖြစ်သော်လည်း ပြည်တွင်း၊ပြည်ပဝယ်လက်များမှ ဝယ်လိုအားနည်း ချိန်ဖြစ်ခြင်းကြောင့် ဆန်ဈေးများအတက်ရပ်ကာ အမြင့်ဈေးတွင် တည်ငြိမ်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဆန်စပါးဈေးတည်ငြိမ်စေရန် ဈေးကွက်အတွင်း ရောင်းချသင့်သည့် ရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ထုတ်ပြန်ထားသော်လည်း ဈေးကွက်ပေါက် ဈေးမှာ ဆန်တစ်အိတ်လျှင် ကျပ်ငွေ ၁၀၀၀၀ မှ ၅၀၀၀၀ ကျပ်ခန့်အထိ ဆန်အမျိုးအစားပေါ်မူတည်၍ ဈေးမြင့်ကွာဟလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့်ဝယ်ယူစားသုံးနိုင်ရန်အတွက်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၈ မြို့နယ်ရှိ အသင်းဝင်ဆန်လက်လီဆိုင် ၅၈ ဆိုင်တွင် ဧည့်မထ ဆန်တစ်ပြည်လျှင် ၃၃၀၀ ကျပ်နှုန်းဖြင့် ၁၆-၂-၂၀၂၄ ရက်မှစတင်ကာ အပတ်စဉ် သောကြာ၊ စနေ၊တနင်္ဂနွေ နေ့များတွင် ဆန်ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘို ဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်းသိရသည်။

အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်သွင်းခွင့်ရသော ကာလ ဖြစ်သော်လည်း ထိုင်းနယ်စပ်တွင် ပြောင်းဈေးကျခြင်း၊ နယ်စပ်ဂိတ်များမှ တင်ပို့ရာတွင် နယ်မြေ မတည်ငြိမ်ခြင်းနှင့် သယ်ယူပို့ဆောင်စရိတ်များဈေးမြင့်နေခြင်းတို့ကြောင့် ပြည်ပဝယ်လက်များမှ အရောင်းအဝယ်အေးခြင်း၊ ဆန်၊ ပဲ၊ ပြောင်း၊ ရော်ဘာ ပြည်ပပို့ကုန်ရငွေ မူဝါဒ ဆိုင်ရာ အပြောင်းအလဲကြောင့် ပြည်ပတင်ပို့ဝယ်လက်များမှ အစေ့ထုတ်ပြောင်းများအား ဈေးနှိမ်ဝယ်ယူမှု ရှိခြင်း၊ စိုက်ပျိုးတောင်သူများမှ ရောင်းလိုအားများသော်လည်း ပြည်ပတင်ပို့ဝယ်လက်များမှာ ပို့ကုန် ရငွေဆိုင်ရာမူဝါဒမတည်ငြိမ်မှုများကြောင့် ချိန်ဆဝယ်ယူမှုများရှိခဲ့ခြင်းစသည့် အခြေအနေများ ကြောင့်အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ယခင်အပတ်ဈေး နှုန်း များ ဖြ င့် သာ ဈေး ငြိ မ် အရောင်းအဝယ် အေးခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၅၇၂၄၀ ကျပ်ဖြစ်သည်။ အစေ့ ထု တ် ပြော င်း စို က် ပျိုး ထု တ် လုပ်သော ဒေသအချို့တွင်နယ်မြေမတည်ငြိမ်ခြင်းကြောင့် သိုလှောင် မထားလိုပဲ ရောင်းလိုအားများခဲ့သော်လည်း အရောင်းအဝယ်အေးကာ ဈေးနိမ့်လျက်ရှိခြင်း၊ စိုက်ပျိုး ထုတ်လုပ်စရိတ်များ ဈေးမြင့်ခဲ့ခြင်းတို့ကြောင့် လာမည့်နှစ် အစေ့ထုတ်ပြောင်း စိုက်ပျိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်မှုများ လျော့နည်းလာဖွယ်ရှိကြောင်းလည်း သိရှိရသည်။

## ပဲမျိုးစုံဈေးကွက်

ပြည်ပတင်ပို့သော မတ်ပဲ၊ ပဲစင်းငုံ အပါအဝင် အခြားသော ပဲအမျိုးအစားအချို့မှာ ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ မတ်ပဲ (သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ဈေးနှုန်း ၃၀၀၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၉၉၀၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ပဲစင်းငုံ (သဘော်တင်) တစ်တန်လျှင် ယခင်အပတ် ဈေးနှုန်း ၃၉၄၇၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၈၂၅၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးနိမ့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်) မှာ ကုန်သေတ္တာ ၁၈၀ လုံးခန့်နှင့် ပဲစင်းငုံ (သဘော်တင်)မှာ ကုန်သေတ္တာ ၂၀လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ အလားတူ ပဲတီစွေဝါမှာ နယ်စုံမှပဲသစ်များ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုရှိသော်လည်း တရုတ်နှစ်ကူးအပြီးတွင် တရုတ်ဝယ်လက်များမှ ဝယ်လို အားနည်းနေသေးခြင်းကြောင့် လည်းကောင်း၊ ပို့ကုန်ရငွေ မူဝါဒဆိုင်ရာ အပြောင်းအလဲဂယက်ကြောင့် လည်းကောင်း၊ ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။ ပဲတီစွေဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၂၁၂၄၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်း ၂၀၄၉၀၀ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထောပတ်ပဲနှင့်ပဲလွှမ်းဖြူမှာ ပဲသစ်များအဝင်လှိုင်ချိန်ခြင်း၊ ပြည်တွင်းသုံးစွဲမှုသာရှိခြင်း၊အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးနိမ့်ခဲ့သည်။ ထောပတ်ပဲ ၃တင်း / ၆၀ ပိဿာလျှင် ယခင်အပတ်ဈေးနှုန်းမှာ ၄၂၇၈၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်း ၃၆၆၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ပဲလွှမ်းဖြူ ၃တင်း/၆၀ ပိဿာလျှင် ယခင် အပတ်ဈေးနှုန်း ၂၂၃၉၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်း ၂၁၀၀၀၀ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့ သည်။ ပဲပုပ်နှင့် ဘိုကိတ်ပဲမှာ ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်းကြောင့် ယခင်အပတ် ဈေးနှုန်းများ ဖြင့် သာ ဈေး ငြိ မ် အ ရော င်း အဝယ် အေးခဲ့သည်။ ပဲပုပ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ဈေးနှုန်းမှာ ၁၈၉၀၀၀ ကျပ်ဖြစ်ပြီး ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ဈေးနှုန်းမှာ ၂၁၀၀၀၀ ကျပ် ဖြစ်သည်။ ကုလားပဲမှာမူ ပဲသစ်များအဝင်လှိုင်ချိန်ဖြစ်ခြင်း၊ အ ရည် အ သွေး ကော င်း ခြ င်း ၊ ပြည်တွင်း/ ပြည်ပမှ ဝယ်လိုအားရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ကုလားပဲတစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၄၂၉၃ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၄၁၅ ကျပ်သို့ ရောက်ရှိ ဈေးနိမ့်ခဲ့သည်။

## စားသုံးဆီဈေးကွက်

စားအုန်းဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၄ ခုနှစ်၊ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၂၁၅ ကျပ်ဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာ မကွာသောဈေးနှုန်းများဖြင့် စားအုန်းဆီများအား ဝယ်ယူရရှိနိုင်သည်။

အေးသန္တာဝင်း

---

စာ-၁၂ မှ

ခြင်းကြောင့် ပန်းမုံလာတစ်ပွင့် ၄၀၀ မှ ၅၀၀ ကျပ် ၊ ဂေါ်ဖီတစ်ထုပ် ၅၀၀ ကျပ် ၊ ခါကျက်ဥ တစ်ပိဿာ ၁၅၀၀ ကျပ်ဖြင့် စားသောက်ဆိုင်များ ပုံမှန်ဝယ်ယူမှုရှိသည်။

သစ်သီးဝလံဈေးအနေဖြင့် ကျောက်ဆည်၊ မတ္တရာမှ ကျောက်စိမ်း ဖရဲသီးများ ဝင်ရောက်ပြီး အ ရ ည် အ သွေး ပေါ် မူ တ ည် ၍ တစ်လုံး ၂၀၀၀ မှ ၃၅၀၀ ကျပ်ဈေးဖြင့် အမှာရှိသော မြို့များသို့ တင်ပို့မှုရှိသည်။ညောင်ပင်ဝန်း ၊ ရွှေဘို ၊ ရေဦးတို့မှ သဘော်သီးများ အဝင်များပြီး တစ်လုံးလျှင် ၁၀၀၀ ကျပ် မှ ၁၅၀၀ ကျပ်ဈေးရှိသည်။မြစ်ကြီးနားဘက်မှ ဝင်ရောက်သော လိမ္မော်(အော်ဂင်)သီးများ ၁၁ပိဿာ တစ်ခြင်း ၇၅၀၀၀ ကျပ် ၊ ဝူခုန်းသခွား ၄လုံး တစ်ဖာ ၁၀၀၀၀ ကျပ် ၊ ရွှေသခွား ၄လုံး တစ်ဖာ ၈၀၀၀ ကျပ် မှ ၁၀၀၀၀ ကျပ်၊ ရမည်းသင်း ၊ မိတ္ထီလာ စပျစ်သီး တစ်ပိဿာ ၅၀၀၀ ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။

ခင်မေကြည်




## ဆန်ဈေးကွက်

မန္တလေးဈေးကွက်တွင် ဆန်ဈေးနှုန်းအနေဖြင့် အဝင်နည်းသွားခြင်း ၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် ရန်ကုန်ပေါ်ဆန်း တစ်အိတ် ၁၃၀၀၀၀ ကျပ် မှ ၁၃၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ရွှေဘိုပေါ်ဆန်းမှာ တစ်အိတ် ၁၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မနောသုခဆန်မှာ မန္တလေးဝန်းကျင်မှ အသစ်များ ဝင်ရောက်မှုရှိခြင်း ၊ မြို့တွင်းသုံးဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၉၁၀၀၀ ကျပ် မှ ၉၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

ဇီယာဆန်မှာ လက်ကျန်နည်းခြင်း ၊ မန္တလေးမြို့တွင်းသုံး ဝယ်ယူမှုများခြင်းကြောင့် တစ်အိတ် ယခင်အပတ် ၉၄၀၀၀ ကျပ် မှ ၉၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ငစိန်ဆန်မှာ မြို့တွင်းမုန့်လုပ်ငန်းသမားများ ဝယ်ယူမှုရှိခြင်း ၊ အဝင်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၇၆၀၀၀ ကျပ် မှ ၇၈၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ရောမင်းဆန်မှာ အသစ်နှင့်အဟောင်း နှစ်မျိုးတွေ့ရပြီး မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်း ၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အနိမ့်ဆုံး ၁၄၀၀၀၀ ကျပ် မှ အမြင့်ဆုံး ၁၅၀၀၀၀ ကျပ်ဖြင့် ရောင်းချမှုပုံမှန်ရှိသည်။

## ဆီထွက်သီးနှံဈေးကွက်

မန္တလေး ပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ(လုံးဆံ/ဆီဆံ)ဈေးနှုန်းမှာ ဆောင်းမြေပဲဝင်ချိန်ဖြစ်ခြင်း၊ အဝင်နည်းသေးခြင်းကြောင့် မြင်းမူ(လုံးဆံ) ၁၀၀ ပိဿာ ၇၈၀၀၀၀ ကျပ် ၊ ဒေသစုံ၁၀၀ ပိဿာ ၇၁၀၀၀၀ ကျပ်ဖြင့် အရည်အသွေးပေါ်မူတည်၍ လုပ်ငန်းသမားလှောင်သမားများ ဝယ်ယူမှုရှိပြီး မြေပဲ(ဆီဆံ)မှာ အသစ်အဝင်နည်းသေးခြင်း ၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ၆၃၀၀၀၀ ကျပ်မှ ၆၄၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းမျိုးစုံဈေးနှုန်းများအနက် နှမ်းဖြူမှာ နွေနှမ်းစိုက်ချိန်နီးခြင်း၊ တရုတ် ဝယ်လက်နည်းခြင်း ၊ လုပ်ငန်းသမား အဝယ်သာရှိခြင်းကြောင့် ၄၅ ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ၃၆၀၀၀၀ ကျပ် မှ ၃၈၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းချမှုရှိသည်။ နှမ်းညိုမှာ ဆောင်းနှမ်းသစ်များ ဝင်ရောက်မှုရှိသော်လည်း အဝင်ပုံမှန် ၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ ၃၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နှမ်းနက်(စမုံ)မှာ အဝင်ပုံမှန်ရှိခြင်း ၊ တရုတ်ဝယ်လက်နှင့် လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၄၅ ပိဿာ ၃၅၅၀၀၀ ကျပ် မှ ၄၁၀၀၀၀ ကျပ်ထိ ဖြင့် ရောင်းချမှုရှိသည်။နှမ်းဝါအသစ်မှာ ၄၅ ပိဿာ ၃၂၅၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်အေးကာ ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်းဈေးနှုန်းအနေဖြင့် အသစ်အဝင်များလာခြင်း၊ ဘယဆေးသမားလက်လီသမား အဝယ်နည်းခြင်းကြောင့် ၄၅ပိဿာ ၂၀၀၀၀၀ ကျပ် မှ ၁၈၅၀၀၀ ကျပ်သို့ ဈေးသိသိသာသာနိမ့်သွားသည်။

ဆီနေကြာ ၊ ဆောင်းနေကြာများ အဝင်များလာခြင်း ၊ ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၂၇ ပိဿာ ၁၀၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

မန္တလေးဈေးကွက်တွင် ယခုအပတ် မြစ်သားနှင့် မုံရွာမှ ကြက်သွန်နီများ ဝင်ရောက်မှုရှိပြီး အဝင်နည်းသွားခြင်းကြောင့် မြစ်သားကြက်သွန်နီ(ကြီး) တစ်ပိဿာ ၃၃၀၀ ကျပ် ၊(လတ်) တစ်ပိဿာ ၃၂၀၀ ကျပ် ၊ (သေး) တစ်ပိဿာ ၂၈၀၀ ကျပ် ဈေးရှိပြီး မုံရွာကြက်သွန်နီမှာ (ကြီး) တစ်ပိဿာ ၂၇၀၀ ကျပ် ၊ (လတ်) တစ်ပိဿာ ၂၆၀၀ ကျပ် ၊ (သေး) တစ်ပိဿာ ၂၂၀၀ ကျပ်ဖြင့် မြို့တွင်းသုံး ဝယ်ယူမှုသာရှိပြီး နယ်ဝေးတင်ပို့ရမှုနည်းနေသည်။

ယခုအပတ်တွင် ပခုက္ကူဘက်မှ ဝင်ရောက်သော အာလူးတစ်မျိုးတည်းသာ ရောင်းဝယ်မှုများပြီး အဝင်များပြီး မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် တစ်ပိဿာ ၂၆၀၀ ကျပ် မှ ၂၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ချင်းဈေးနှုန်းအနေဖြင့် ပြင်ဦးလွင်မှ အဝင်နည်းပြီး အောင်ပန်းချင်းတစ်မျိုးတည်းသာ ရောင်းဝယ်မှုများသဖြင့် တစ်ပိဿာ ၄၀၀၀ ကျပ် မှ ၄၅၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## ပဲမျိုးစုံဈေးကွက်

မန္တလေး ပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ပဲမျိုးစုံအနက် မတ်ပဲဈေးနှုန်းမှာ အဝင်ပုံမှန် ၊ ရောင်းဝယ်မှုပုံမှန်ရှိခြင်;ကြောင့် ၃ တင်း တစ်အိတ် ၂၈၀၀၀၀ ကျပ် ၊ ပဲခွဲစက်များ ဝယ်ယူသော အရည်အသွေးညံ့ ၂၃၀၀၀ ကျပ်ဖြင့် ပုံမှန်ရောင်းဝယ်နေသည်။

ပဲတီစိမ်း(အညာ)မှာ အရည်အသွေး ညံ့သွားခြင်း၊ တရုတ်ဝယ်လက်နှင့် ပဲခွဲစက်များ အဝယ်နည်းခြင်း ၊ အရောင်းအဝယ်အေးခြင်းကြောင့် ၃ တင်းတစ်အိတ် ယခင်အပတ် ၁၇၀၀၀၀ ကျပ်မှ ယခုအပတ် ၁၆၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ ယခုအပတ် အရောင်းအဝယ်အေးသော်လည်း အဝင်နည်းခြင်းကြောင့် ပဲစဉ်းငုံ(ဖြူ) ၃ တင်းတစ်အိတ် ၃၄၀၀၀၀ ကျပ် ၊ ပဲစဉ်းငုံ(နီ) တစ်အိတ် ၃၆၆၀၀၀ ကျပ် အမြင့်ဈေးဖြင့် တည်ငြိမ်နေသည်။

ပဲပုတ်(ရှမ်း/မြန်မာ)မှာ အသစ်ဝင်ရောက်မှုရှိခြင်း ၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲပုတ်(မြန်မာ) တစ်အိတ် ၁၆၀၀၀၀ ကျပ် ၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲပုတ် (ရှမ်း) တစ်အိတ် ၁၆၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲဈေးနှုန်းများအနေဖြင့် ကုလားပဲ(ကုဖြူကြီး)မှာ ပဲကြော်လှော် လုပ်ငန်းသမား အဝယ် ပုံမှန်ရှိခြင်း၊ အသစ်ဝင်ရောက်မှုရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၄၇၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး (လုံးဝါကြီး)မှာလည်း ခွဲစက်သမား အဝယ်ပုံမှန်ရှိခြင်း ၊ လှောင်လက်ဝယ်ယူမှုရှိခြင်းကြောင့် တစ်အိတ် ၂၃၅၀၀၀ ကျပ် မှ ၂၃၉၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ခွဲခြမ်းမှာ မြို့တွင်းစားသုံးရန်ဝယ်ယူမှုနည်းခြင်း ၊ ပဲစိုများပေါ်ချိန်ဖြစ်၍ အရောင်းအဝယ်အေးပြီး လက်ကျန်များခြင်းကြောင့် တစ်ပိဿာ ၅၈၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

ပဲယင်း၊ မြေတောက်ပဲ ၊ စားတော်ပဲ(ကျွန်း)တို့မှာ အသစ်ဝင်ချိန်ဖြစ်ခြင်း၊ လက်လီသမား ၊ လုပ်ငန်းသမား ဝယ်ယူမှုသာရှိခြင်းကြောင့် ပဲယင်း ၃ တင်းတစ်အိတ် ၁၅၇၀၀၀ ကျပ် မှ ၁၅၂၀၀၀ ကျပ် ၊ မြေတောက်ပဲ ၃၅၀၀၀၀ ကျပ် မှ ၃၂၀၀၀၀ ကျပ် သို့ ဈေးနိမ့်သွားပြီး စားတော်ပဲ(ကျွန်း)မှာလက်လီသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်း တစ်အိတ် ၂၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲကြီး(ကြီး/သေး) ၊ ထောပတ်ပဲ(ကြီး/သေးတို့မှာ အသစ်ဝင်ချိန်ဖြစ်ခြင်း၊ ပဲကြော်/လှော်လုပ်ငန်းသမား ၊ လက်လီသမား အဝယ်သာရှိခြင်းကြောင့် ပဲကြီး ၃တင်းတစ်အိတ် ၂၈၅၀၀၀ ကျပ် ၊ ပဲကြီး(သေး) ၂၆၀၀၀၀ ကျပ် ၊ ထောပတ်ပဲ(ကြီး) ၄၀၀၀၀၀ ကျပ် ၊ သေး ၃၅၅၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်းဈေးကွက်

မန္တလေးပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ဂျုံဈေးများအနေဖြင့် အသစ်ဝင်ချိန်နီးခြင်း ၊ လှောင်သမားထုတ်ရောင်းမှုရှိခြင်းကြောင့် မြင်းမူ၊ မြောင် ၊ မြို့သာ ၊ ငါန်းဇွန် ၊ စစ်ကိုင်း ၊ ဆားတောင် ၊ ရွှေဘို ၊ ကလေးဒေသဂျုံများ ၃ တင်း တစ်အိတ် ၁၇၀၀၀၀ ကျပ် မှ ၁၆၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ရှမ်းဂျုံမှာ ဂျုံထွက်နည်း၍ ကြိုက်နှစ်သက်မှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးကာ ၁၆၀၀၀၀ ကျပ် မှ ၁၅၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ဩစတြေးလျဂျုံမှုန့်မှာ တစ်ပိဿာ ၃၃၀၀ ကျပ်ဖြင့် မုန့်လုပ်ငန်းသမားများ ဝယ်ယူမှုပုံမှန်ရှိသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် ဆောင်းပြောင်းများ ဝင်ချိန်နီးခြင်း ၊ အစာစပ်သမား ဝယ်ယူမှုသာရှိခြင်း၊လမ်းပန်းအဆက်အသွယ်ကြောင့် မြဝတီပို့ရန် အဝယ်မရှိသဖြင့် အဝင်များခြင်းတို့ကြောင့် ၃ တင်းတစ်အိတ် ၅၂၀၀၀ ကျပ်မှ ၅၀၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဈေးကွက်

ဟင်းသီး/ရွက်ဈေးနှုန်းအနေဖြင့် ငရုတ်စို(ရှည်နှင့်လတ်)မှာ မုံရွာ ၊ ချောင်းဦးမှ အဝင်များခြင်း ၊ နယ်အမှာမရှိဘဲ မြို့တွင်းငပိထောင်း ၊ လက်ဖက်သမား အဝယ်သာရှိခြင်းကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၁၅၀၀ ကျပ် ၊ (လတ်) တစ်ပိဿာ ၂၀၀၀ ကျပ်ဈေးသို့ နိမ့်သွားသည်။ ပြင်ဦးလွင် ၊ အောင်ပန်းတို့မှ ဂေါ်ဖီထုပ် ၊ပန်းမုံလာများ အဝင်များ

စာ-၁၃ သို့

မြောက်နဝင်းဆည်ရေသောက်စနစ်

## စနစ်တကျရေစီမံခန့်ခွဲမှုဖြင့် နွေစပါးနှင့်နွေသီးနှံတိုးချဲ့စိုက်ပျိုးမည့်

# ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ဒေသရှိ ဆည်မြောင်းစနစ်များ



ဇော်လင်းထွဋ်

ဝမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက် ဆိုသည့်စကားအတိုင်း ရေသည်လူသားတို့အတွက် လွန်စွာ အရေးကြီးသောအရာဖြစ်သည်။ လူသားတိုင်း အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ရေကို သုံးစွဲကြရသလို လူသားတို့ စားနပ်ရိက္ခာအတွက်လည်း ရေကို အသုံးပြုစိုက်ပျိုးကြရသည်။

ထို့ကြောင့် လူသားတို့အတွက် နေ့စဉ်လိုအပ်သော သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေးကို နိုင်ငံတိုင်းက နည်းလမ်းမျိုးစုံဖြင့် ရှာဖွေဖော်ထုတ်၊ ထုတ်ယူ၊ သိုလှောင် သုံးစွဲလျက်ရှိသည်။

မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေး ကို အဓိကထား လုပ်ကိုင်သော နိုင်ငံတစ်ခုဖြစ်သောကြောင့် စိုက်ပျိုးရေ ရရှိရေး နှင့် သောက်သုံးရေရှိရေးတို့အတွက် ဆည်တာတမံများ တည်ဆောက်ခြင်း၊ စက်ရေတွင်းများတူးဖော်ခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများ တည်ဆောက်ခြင်းများအပါအဝင် တခြား နည်းလမ်းပေါင်းများစွာဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များကြောင့် စိုက်ပျိုးထုတ်လုပ်မှုမထိခိုက်စေရေး စိုက်ပျိုးရေးဦးစီးဌာနက ရာသီဥတုနှင့် ကိုက်ညီသော သီးနှံများကို သုတေသနများ ပြုလုပ်ပေးလျက် ရှိသကဲ့သို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့်လည်း စိုက်ပျိုးဧရိယာများကို ရေလုံလောက်စွာပေးဝေနိုင်ရေးနှင့် စိုက်ပျိုးရေများ လေလွင့်ဆုံးရှုံးမှုများ မရှိစေရေးအတွက် ချောင်းပိတ်တာတမံများပါ တည်ဆောက်ကာ ပေးဝေနေကြောင်း သိရသည်။

စိုက်ပျိုးရေပေးဝေရာတွင်လည်း လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် သက်ဆိုင်ရာဒေသခံ တောင်သူလယ်သမားများပါဝင်သော ရေအသုံးချသူများအဖွဲ့များကို ဖွဲ့စည်းကာ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာစေရေးနှင့် တောင်သူဦးကြီးများ တစ်နှစ်တစ်သီးမှ နှစ်သီး၊ နှစ်သီးမှ သုံးသီးအထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ပြည်)ရုံးအနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်နွေစပါးရာသီ တွင် စိုက်ဧက ၆၀၄၈၉ကို စိုက်ပျိုးရေပေးဝေရန် လျာထားသည်။ ယင်းလျာထားမှုသည် ယခင်နှစ်နွေစပါး ရေပေးဝေမှုထက် ၃၃၉၄ ဧက တိုးမြှင့်လျာထားခြင်းဖြစ်သည်။

အဆိုပါနွေစပါးစိုက်ပျိုးဧကများကို ပြည်ခရိုင်ရှိ မြောက်နဝင်းဆည်က ၂၀၂၆၀ ဧက၊ တောင်နဝင်းဆည်က ၅၉၉၆ ဧက၊ ရွှေတောင်ဆည်က ၆၈ ဧက၊ သောင်ကိုင်းဆည်က ၄၅၀ ဧက၊ ကန်ကြီးကုန်းဆည်က ၁၅၅



မတောင့်တရေလွှဲဆည် Falling Shutter (၁၅)ချပ် ပြန်လည်ပြုပြင် တပ်ဆင်ပေးခြင်း။

ဧကနှင့် ခဝါဆည်က ၂၇၇ ဧက ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ နတ်တလင်းခရိုင်အတွင်းရှိ ဆည်များဖြစ်သော ဝဲကြီးဆည်ရေဖြင့် ၂၂၇၁၂ ဧက၊ မြောက်နဝင်းဆည်ရေဖြင့် ၂၂၅၅ ဧကနှင့် တောင်နဝင်းဆည်ရေဖြင့် ၈၀၆၇ ဧကကို စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သည်။

ထို့ပြင် ပြည်ခရိုင်နှင့်နတ်တလင်းခရိုင်အတွင်းရှိ နွေစပါးစိုက်ပျိုးဧကများ ရေလုံလောက်စွာ ရရှိရေးအတွက် တမံပိတ်၊ လျှပ်စစ်မြစ်ရေတင်နှင့် ဆိုလာရေတင် စသည့် နည်းလမ်းများဖြင့်လည်း နွေစပါးစိုက်ဧက ၆၃၇၂ ကို စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ပြည်)ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးက ဆိုသည်။

ယင်းသို့ နွေစပါးစိုက်ပျိုးရေ ဖူလုံပြည့်စုံစွာ ပေးဝေနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း (ပြည်) ရုံးအနေဖြင့် ကျေးတောဆည်တည်ဆောက်ခြင်း၊ မင်းဆည်တည်ဆောက်ခြင်း၊ မြောင်းဘောင်များမြှင့်တင်ပေးခြင်း၊ သဲနှုန်းများဆည်ခြင်း၊ ရေကူမြောင်းများပြုပြင်ခြင်း၊ ရေတံခါးများပြုပြင် တပ်ဆင်ပေးခြင်း၊ မြောင်းများတူးဖော်ခြင်း၊ ကွန်ကရစ်လိုင်နင် ပြုပြင်ခြင်း၊ တောရှင်းခြင်းနှင့် မြောင်းမကြီး ပုံစံကျ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လာမည့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင်လည်း နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်း ရေတံခါးတည်ဆောက်ခြင်း၊ ရေထိန်းတာရိုးများ တည်ဆောက်ခြင်း၊ကျေးလက်မြောင်း ပြန်လည်တူးဖော်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်း၊ရေကျအ ဆောက်အအုံပြုပြင် ခြင်းနှင့်မြေသားမြောင်း ပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ တိုးတက်လာမည့် နွေစပါးစိုက်ဧကများကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ပြည်၊ ပေါင်းတည်၊ ပန်းတောင်းနှင့် ပေါက်ခေါင်းမြို့နယ်များရှိ နွေစပါး စိုက်ပျိုးဧက ၂၈၅၁ ဧကကို ထပ်မံတိုးချဲ့ပေးဝေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် တောင်သူဦးကြီးများ အနေဖြင့် စိုက်ပျိုး ထုတ်လုပ်မှုတွင် အဓိကကျသော စိုက်ပျိုးရေ အတွက် ပူပန်စရာမလိုတော့ဘဲ တစ်နှစ်တစ်သီးမှ သုံးသီးအထိ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်လာနိုင်မည်ဖြစ်သောကြောင့် ဒေသခံတောင်သူဦးကြီးတို့ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာ မည်ဖြစ်ပေသည်။

ဇော်လင်းထွဋ်



ပြည်မြို့နယ် ဖြူးကုန်းကျေးရွာအုပ်စု မင်းဆည်တည်ဆောက်ခြင်း



သဘာဝကပေးအစာနှင့်ဆေး

# ဆေးဖက်ဝင် ညောင်ချဉ်ပင်

ကြေးမုံငယ်

နွေဦး၏ သဘာဝတရားအလှကို ဖော်ကျူးပေးသည့်အထဲတွင် ညောင်ချဉ်ပင်လည်း အပါအဝင်ဖြစ်၏။ မြန်မာ့လရာသီ တပေါင်းလတွင် ညောင်ချဉ်ပင်မှ ပန်းနီရောင်သွေးနှင့် လှပစွာ ဝေဖြာနေသည့် ညောင်ချဉ်ရွက်တို့ ဖူးပရစ်စီချိန်ဖြစ်၏။ ညောင်ချဉ်ပင်၏ အင်္ဂလိပ်အမည်မှာ White Fig ဟုလူသိများပြီး Mountain Fig, Banyan Fig, Green Fig, Mountain Fig, Strangler, Fig wood, Green Fig, Strangler Fig ဟုလည်း ခေါ်ဆိုကြ၏။ ညောင်ချဉ်ပင်၏ ရုက္ခဗေဒအမည်မှာ Ficus virens Ait., ဟုခေါ်ဆိုပြီး ညောင်ပင်၊ သဖန်းပင်တို့နှင့် မျိုးရင်းတူသည့် Moraceae တွင် ပါဝင်၏။ ညောင်ချဉ်ပင်ကို အပူပိုင်းရာသီဥတုရှိသည့် ဒေသများတွင် အများဆုံးတွေ့ရ၏။ အရှေ့တောင်အာရှနိုင်ငံများ၊ ပါကစ္စတန်၊ အိန္ဒိယတို့တွင် စတင်တွေ့ရှိပြီး မလေးရှားမှ တဆင့် ဩစတြေးလျနိုင်ငံ မြောက်ပိုင်းသို့ ပျံ့နှံ့ပေါက်ရောက်၏။

မြန်မာနိုင်ငံတွင် ညောင်ချဉ်ပင်ကို ပြည်နယ်နှင့်တိုင်းအများစု၊ အထူးသဖြင့် အညာဒေသ၏ နေရာအတော်များများ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပေါက်ရောက်၏။ ညောင်ချဉ်ပင်သည် ရာသီအလိုက် အရွက်ကြွေတတ်သည့် နှစ်ရှည်ခံ အပင်ကြီးမျိုးဖြစ်၏။ အမြင့်ပေ ၉၀ ခန့်အထိ ရှင်သန်ကြီးထွားပေါက်ရောက်တတ်၏။ အပင်မှ ကိုင်းထောက် မြစ် များစွာ ထွက်၏။ ညောင်ချဉ်ပင်ကို ထိမိသည့်အခါ နို့စေးလေးများထွက်၏။ ညောင်ချဉ်ပင်၏ အခေါက်မှာ မီးခိုးရောင်ဖြစ်၏။

ညောင်ချဉ်ရွက်များသည် ရွက်ထီးဖြစ်ပြီး ရွက်လွှဲထွက်၏။ ရွက်စွယ်မှာ ၁ ဒသမ ၅ စင်တီမီတာခန့်ရှိကာ ကြီးမားထင်ရှားပြီး ရွက်အိမ်ကဲ့သို့ဖြစ်၏။ နွေဦးအစောပိုင်းကာလတွင် ပန်းနီစွက်သည့်ရွက်နုများ ဝေဖြာချိန်သည် ညောင်ချဉ်ပင်၏ မျက်စိပသာဒအဖြစ်ဆုံးအချိန်ဖြစ်၏။ ညောင်ချဉ်ရွက်ပုံသဏ္ဌာန်သည် ညောင်ရွက်နှင့် မတူဘဲ သွယ်လျသည့် ဘဲဥပုံကဲ့သို့ ဖြစ်၏။ အရွက်ကြောမှာ ၇ စုံမှ ၁၂ စုံအထိရှိပြီး အရွက်သားမှာ ပြောင်လက်၏။ ညောင်ချဉ်ရွက်နုလေးများတွင် အမျှင်ဓာတ် အရင်းအမြစ်ကောင်းများနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်၏။

ညောင်ချဉ်ပန်းခိုင်မှာ အညှာမရှိဘဲ လုံးဝန်းသောပုံစံရှိပြီး သီးယောင်ပန်းခိုင် အမျိုးအစားဖြစ်၏။ အောက်ခြေမှ ပွင့်ခံရွက် ၃ ရွက်က ခံဆောင်ထား၏။ ပန်းခိုင်အတွင်းမှာ လိုဏ်ဖြစ်နေသည့်အတွက် ပန်းပွင့်များကို အပြင်ကနေ မမြင်ရပေ။ ပန်းခိုင်ရင့်မှည့်လာသည့်အခါ လုံးဝန်းသောအသီးလေး ဖြစ်လာ၏။ ညောင်ချဉ်ပန်းပွင့်များကို နကျယ် ကောင် (Fig wasp) မှ တစ်ဆင့် ဝတ်မှုန်ကူးကြ၏။ အသီးရင့်မှည့်လာသောအခါ ပန်းရောင်သန်းလာပြီးအသီးအတွင်းတွင် အစေ့များစွာပါဝင်၏။ ညောင်ချဉ်သီးမှာ ၈ စင်တီမီတာခန့်အရှည်ရှိပြီး ၆ စင်တီမီတာခန့် အကျယ်ရှိ၏။

ညောင်ချဉ်ပင်၏ ပင်စည်၊ အသီးနှင့် ရွက်နုတို့တွင် ဖလေဗာနွိုက်၊ ဖီနိုလစ်၊ ဂလိုင်ကိုဆိုက်၊ ကာဘိုဟိုက်ဒရိတ်၊ တန်နင်၊ အမိုင်နိုအက်စစ်၊ ကာရိုတီနွိုက်၊ တာပင်နွိုက်နှင့် အယ်လ်ကာလွိုက် အစရှိသည့် အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်၏။ ညောင်ချဉ်သီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်ကြွယ်ဝစွာ ပါဝင်ပြီး





အရသာမှာ ချိုမြ၏။

ညောင်ချဉ်ပင်၏ အခေါက်၊ အရွက်၊ အစေးတို့တွင် ကိုယ်လက်ရောင်ရမ်းနာဆန့်ကျင်နိုင်စွမ်း၊ ကင်ဆာရောဂါကို ဆန့်ကျင်နိုင်စွမ်း၊ ဘက်တီးရီးယားများကို တိုက်ဖျက်နိုင်စွမ်း၊ မူးရောဂါဖြစ်ပွားနိုင်ချေကို ဟန့်တားနိုင်စွမ်း၊ ဓာတ်တိုးခြင်း ကို ဆန့်ကျင်နိုင်စွမ်း၊ ဗိုင်းရပ်စ်ပိုးများကို ဆန့်ကျင်နိုင်စွမ်းတို့ရှိ၏။

ညောင်ချဉ်ရွက်ကို ဆီးချိုရောဂါ၊ အနာအုံဆေး၊ အဖျားဆင်းခြင်း၊ အနာမီးနှင့် ထိခိုက်ဒဏ်ရာများအတွက် ဆေးဝါး အဖြစ်အသုံးပြုကြ၏။

အိန္ဒိယနိုင်ငံတွင် ညောင်ချဉ်ပင်၏ ပင်စည်နှင့် အခေါက်တို့ကို သွေးရောဂါအမျိုးမျိုး၊ လေသင် တုန်းဖြတ်ခြင်း၊ မူးနောက်ခြင်း၊ အဖျားအမျိုးမျိုးကြောင့် စိတ်ကယောင်ကတမ်းဖြစ်ခြင်းတို့အတွက်ဆေးအဖြစ်အသုံးပြုကြ၏။

ညောင်ချဉ်ပင်၏အခေါက်ကို ခံတွင်းထဲတွင် အပူဖုများပေါက်ခြင်း၊ ခံတွင်းသန့်စင်ဆေး၊ ပြည်တည်နာများကို ဆေးကြောခြင်း၊ သွေးရောဂါများ၊ အမျိုးသမီးများ လစဉ်ဓမ္မတာမှန်စေခြင်း၊ အဖျားဆင်းခြင်း၊ ဆီးချိုရောဂါ၊ သွေးအတွင်း ဂလူးကို့စ်ပမာဏကိုထိန်းညှိပေးနိုင်ပြီး အာရုံကြောစနစ်ပုံမှန်မဟုတ်ခြင်း၊ ယောနိလမ်းကြောင်း ဆိုင်ရာ ရောဂါများ၊ သားအိမ်ရောဂါများ၊ အပူလောင်နာများဖြစ်ခြင်း၊ စိတ်အာရုံခြောက်ချားခြင်း၊ ဝမ်းကိုက်ခြင်း၊ ဒူလာပါဒရက်ရောဂါ၊ အရိုးအက်ခြင်း၊ အရိုးကျိုးခြင်းတို့အတွက် ဆေးအဖြစ် အသုံးပြုကြ၏။

ညောင်ချဉ်သီးကို ဆီးချိုရောဂါ၊ အမျိုးသမီးများ ဓမ္မတာစက်ဝန်းပုံမှန်မဖြစ်ခြင်းတို့အတွက် ဆေးအဖြစ်အသုံးပြုကြ၏။

ညောင်ချဉ်သီး အမှည့်ကို စားသုံးနိုင်သကဲ့သို့ ယိုပြုလုပ်ပြီးလည်း စားသုံးနိုင်၏။

ယခုလို တပေါင်းလအချိန် သည် ညောင်ချဉ်ရွက်နုဖူးတို့ လှိုင်လှိုင်ပေါချိန်ဖြစ်၏။ ညောင်ချဉ်ပင်ပေါက်ရောက် သည့် ဒေသများတွင် ညောင်ချဉ်ရွက်နုဖူးများကို ဆွတ်ခူးနိုင်သလို အလွယ်တကူ ဝယ်ယူနိုင်ကြ၏။ ပြုတ်ပြီးသား ညောင်ချဉ်ရွက်များကို အွန်လိုင်းမှတစ်ဆင့်လည်း ဝယ်ယူနိုင်၏။ ညောင်ချဉ်ရွက်နုဖူးလေးများကို အဖန်ဓာတ်ကုန်သွား သည်အထိ သုံးကြိမ်ခန့်ပြုတ်ပြီးမှသာ ဟင်းလျာအဖြစ် နည်းမျိုးစုံ ချက်ပြုတ် စားသောက်ကြ၏။ ပြုတ်ပြီးသား

စာ-၁၉ သို့

ကျောဖုံးမှ



အသီးခူး ရိုဘော့

လျှက် ရှိသလို အပင်တို့၏ တုံ့ပြန်မှုကိုအချိန်နှင့်တစ်ပြေးညီစောင့်ကြည့်ခြင်း၊ Phenotyping နှင့် Genotyping တို့ကြား အခက်အခဲများကို ဖြေရှင်းခြင်း၊ ဗီဇအတွဲများကို အခြေခံ၍ ရလဒ်များ ခန့်မှန်းခြင်း၊ စမ်းသပ်မှုများကို Virtual ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အေအိုင်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။ သိပ္ပံပညာရှင်များသည် အပင်တို့၏ လုပ်ငန်းများ လေ့လာရာတွင် ဇီဝဗေဒနှင့် မော်လီကျူလာ လုပ်ငန်းစဉ်တို့ ရောယှက်ရှုပ်ထွေးနေမှုကို ဖြေလျှော့နိုင်ရန် အေအိုင်နောက်မျိုးဆက် (Next-generation AI) ကို စတင်သုံးစွဲနေကြပြီဟု ဆိုသည်။

လက်ရှိကာလတွင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အေအိုင်ကို စီးပွားရေးနယ်ပယ်အသီးသီးတွင် အသုံးပြုနေကြပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ရေရှည်တည်တံ့မှုနှင့် ထိရောက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းစဉ်များ၌ အလားအလာရှိသည့် အေအိုင်ကို အသုံးပြုနိုင်ရန် ကနဦး ကြိုးပမ်းဆောင်ရွက်မှုများ ရှိနေပြီဖြစ်သည်။

အာဆီယံဒေသတွင်း၌လည်း နည်းပညာ ဆန်းသစ်ပြောင်းလဲမှုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ရန် အေအိုင်သုံးစွဲရေး ပဏာမကြိုးပမ်းမှုများကို တက်ကြွစွာ ဆောင်ရွက်နေပြီဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ ပြောင်းလဲတိုးတက်မှုကို အေအိုင်ဖြင့် ဆောင်ရွက်နိုင်သည်မှာ သေချာသော်လည်း တစ်ဖက်တွင် ဆန့်ကျင်အကျိုးတရားများ၊ စွန့်စားရမည့် အလားအလာများလည်း ရှိနေပါသည်။ ယင်းတို့မှာ-

(၁) အေအိုင်လုပ်ဆောင်နိုင်ရန် ထည့်သွင်းသည့် အချက်အလက် (Data) များ မှန်ကန်မှု၊ တိကျမှု၊ ပြည့်စုံမှု မရှိခြင်းကြောင့် လုပ်ဆောင်ချက်များ လွဲမှားကာ ဆုံးရှုံးမှုဖြစ်ခြင်း (Loss by data inaccuracy)

(၂) အေအိုင်၏ လုပ်ငန်းစဉ်များကို ဟက်ကာများက ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးနိုင်ခြင်း(Cyber-attack)

(၃) အေအိုင်အနေဖြင့် ကာလတိုအတွင်း သီးနှံ၏ အထွက်နှုန်းအမြင့်ဆုံးရရှိစေရန် ဦးတည်ဆောင်ရွက်နိုင်သော်လည်း ရေရှည်တွင် ဖြစ်ပေါ်လာမည့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးတရားများကို လျစ်လျူရှုမိခြင်း(Accidental Failures)

(၄) အေအိုင်၏ အလိုအလျောက်လုပ်ဆောင်သည့်စနစ်များကြောင့် စိုက်ပျိုး / မွေးမြူလုပ်သားများ အလုပ်အကိုင် ဆုံးရှုံးခြင်း(Job Displacement)

(၅) အေအိုင်ကို စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းခွင်တွင် ကျယ်ပြန့်စွာ သုံးစွဲမှုကြောင့် မိရိုးဖလာလုပ်ငန်းများ

စာ-၇ သို့



အေအိုင်သုံး သုတေသန

စာ-၁၈ မှ

ညောင်ချဉ်ရွက်နုကို ဂယ်ယူပြီးသည့်အခါ တစ်ကြိမ် ထပ်ပြုတ်ပြီးမှသာ စားသုံးရန် ပြင်ဆင်သင့်၏။

ပြုတ်ပြီးသားညောင်ချဉ်ဖူးကို အထားခံရန်အတွက် ရေစစ်သည်အထိ လက်နှစ်ဖက်အားကို အသုံးပြုပြီး ညှစ်ကာ အလုံးလေးများလုံးပေးပြီး အင်ဖက်၊ငှက်ပျောဖက်တို့နှင့် ထုပ်ပိုး သိမ်းဆည်းထားသင့်၏။

ညောင်ချဉ်ရွက်နုဖူးပြုတ်ကို ပဲပုပ်ရေဖျော်၊ ခရမ်းချဉ်သီးငပိချက်၊ ငံပြာရည်ကြော်၊ ငပိရည်ကျိုဖျော်တို့နှင့် တွဲကာ တို့စရာအဖြစ် စားသုံးကြ၏။

ညောင်ချဉ်ရွက်နုဖူးပြုတ်ကို ပါးပါးလှီးကာ မညက်တညက်လေးထောင်းထားပါ။ ကြက်သွန်နီပါးပါးလှီး၊ မြေပဲလှော်ထောင်း၊ ပုစွန်ခြောက်ထောင်း၊ ပဲကျက်မှုန့်၊ ကြက်သွန်နီဆီချက်တို့နှင့်အတူ ဆား၊ ဟင်းခတ်မှုန့်၊ နှမ်းလှော်တို့နှင့်အတူ ရောသုပ်ပါ။ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူကိုက်၊ ရေနွေးပူပူလေးတစ်ကျိုက်နှင့် တွဲဖက်စားလျှင်ဖြင့် ခံတွင်းကို ပွင့်စေ၏။ အဆာပြေစာအဖြစ် ထမင်းဖြူနှင့်လည်း တွဲဖက်စားသုံးနိုင်၏။ အမျှင်ဓာတ်ကြွယ်ဝသည့်အတွက် ကိုယ်အလေးချိန်ထိန်းလိုသူများအတွက် အဆင်ပြေသလို ဝမ်းချုပ်တတ်သူ တို့အတွက် သဘာဝဆေးတစ်လက် ဖြစ်စေ၏။



ညောင်ချဉ်ဖူးပြုတ်ကို ကြက်သွန်ဖြူ ဓားပြားရိုက်ကာ ဆီပူထဲ ထည့်ပြီး ပုစွန်အစို၊ ပုစွန်ခြောက် နှစ်သက်ရာနှင့် တွဲဖက်ကြော်စားနိုင်၏။

နှစ်သက်ရာ ငါး၊ ပုစွန်တို့ကို ဆီသတ်ပြီး ရေနွေးထည့်ကာ ပွက်ပွက်ဆူလာလျှင် ညောင်ချဉ်ဖူးပြုတ်ထည့်ပြီး ဆူအောင်တည်၊ အရသာပြန်ညှိ၊ ငရုတ်သီးစိမ်းလေး ခွဲပြီးအုပ် အလွန်အရသာရှိလှသည့် သောက်ဆမ်းစားလို့ ကောင်းလှသည့် ညောင်ချဉ်ဖူးဟင်းလေးတစ်ခွက်ရ၏။

ညောင်ချဉ်ဖူးကို ဝက်နံရိုး၊ ခရမ်းချဉ်သီး ပဲပုပ်တို့နှင့်တွဲကာ ရှမ်းရိုးရာဟင်းတစ်ခွက် ချက်စားနိုင်၏။

ညောင်ချဉ်ရွက်နုဖူးကို ရာသီကုန်ချိန်စားနိုင်ရန်နှင့် လက်ဆောင်ပေးနိုင်ရန်အတွက် အရွက်နုဖူးလေးများကို ရေနွေးငွေ့နှင့် ပေါင်းပြီး နေလှန်းပြီး သိမ်းထားနိုင်၏။

အိန္ဒိယနိုင်ငံတွင် ညောင်ချဉ်ပင်သည် ရှားပါးပင်ဖြစ်သည့်အတွက် ပင်စည်နှင့် ကိုင်းထောက်မြစ်များကို ဆောက်လုပ်ရေး လုပ်ငန်းများ၊ ပရိဘောဂပစ္စည်းပြုလုပ်ခြင်းနှင့် လောင်စာထင်းအဖြစ် အသုံးပြုခြင်းများ မပြုရန် တားမြစ်ထားကြ၏။ ညောင်ချဉ်ပင်၏ပင်စည်ကို အဆောက်အဦဆောက်လုပ်ရာတွင် အသုံးပြုမိပါက ကံဆိုးခြင်းများ နှင့် ကြုံကြိုက်စေနိုင်သည်ဟု ယုံကြည်ကြ၏။

ညောင်ချဉ်ပင်၏ အကာသားနှင့် အနှစ်သားတို့သည် ဂါဖျော့ညိုရောင်ရှိပြီး အနည်းငယ်ကြမ်းပြီး တာရှည်မခံ သည့်အတွက် အထပ်သားများ ပြုလုပ်ခြင်း၊ တစ်ခါသုံးတူများ ပြုလုပ်ခြင်း၊ ထုပ်ပိုးပစ္စည်းများ ပြုလုပ်ခြင်း၊ သစ်သားဖိနပ်(ခုံဖိနပ်)ပြုလုပ်ခြင်း၊ မှန်ပုံကွက်ဖော်ခြင်း၊ ပုံသွင်းရာတွင် အသုံးပြုခြင်းနှင့် အလုတန်ဆာများပြုလုပ်ရာတွင် အသုံးပြုရန် သင့်လျော်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှ ပေးသည့် လက်ဆောင်မွန် ညောင်ချဉ်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်



# အေအိုင် (ဉာဏ်ရည်တု) နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ

ထွန်းသက်ပိုင်



ယနေ့ကာလတွင် အေအိုင် (ဉာဏ်ရည်တု/မှတ်ဉာဏ်တု) ဆိုသည့် အသုံးအနှုန်း ကမ္ဘာအနှံ့အပြားတွင် ကြားနေရသည်။ မြန်မာနိုင်ငံတွင်လည်း ကွန်ပျူတာနည်းပညာနှင့် ဆက်စပ်သည့် အသိုင်း အဝိုင်းကြားတွင် အပြောများလာကြသလို အစိုးရဝန်ကြီးဌာနများတွင်လည်း ဉာဏ်ရည်တု အသုံးချရေးဆိုင်ရာ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲလျက်ရှိနေကြောင်း တွေ့ရသည်။

တကယ်တမ်းအားဖြင့် ဉာဏ်ရည်တု (Artificial Intelligence) အသုံးချခြင်းဆိုသည်မှာ အထူးအဆန်းတော့ မဟုတ်ပေ။ စက်ကိရိယာများက ကွန်ပျူတာမှတ်ဉာဏ်ကို အသုံးချ၍ လူတို့တွေးခေါ်ပြုမူသလို အလိုအလျောက် တွက်ချက် စိစစ်လုပ်ဆောင်နိုင်မည့် အယ်လ်ဂိုရစ်သမ် (Algorithm) (လုပ်နည်းစနစ်) ကို ဖန်တီး ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းသို့ လုပ်ဆောင်နိုင်ရန်အတွက် ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းပေးနိုင်ဖို့ လိုအပ်သည်။ ထည့်သွင်းပေးသည့် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ဖို့၊ တိကျဖို့၊ ပြည့်စုံဖို့တော့ လိုပါသည်။ ဒါဆိုလျှင် ကမ္ဘာမှာ အေအိုင်အသုံးပြုပြီး ဘာတွေလုပ်နေကြသလဲ? ဥပမာပေးရလျှင် ကွန်ပျူတာအသုံးပြုသူများနှင့် Chat လုပ်နိုင်သည့် Chatbot ဆော့ဖ်ဝဲများ၊ အလိုအလျောက် လုပ်နိုင်သည့် စက်ရုပ်များ(Robot)၊ (မောင်းသူမဲ့)လေယာဉ်နှင့် စက်ယန္တရားများ၊ ထုတ်ကုန်တစ်ခု၊ ဖြစ်ရပ်တစ်ခုအပေါ် သုံးသပ်အကြံပြု ဆော့ဖ်ဝဲစနစ်များ၊ အနာဂတ်ခန့်မှန်းချက် တွက်ချက်လုပ်ဆောင်သည့် ဆော့ဖ်ဝဲစနစ်များ စသည် တို့မှာ ကမ္ဘာတစ်ဝန်းရှိ အေအိုင်အသုံးပြုပစ္စည်း/လုပ်ငန်းများပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ကမ္ဘာတစ်ဝန်းတွင် အေအိုင်ကို စီးပွားရေးကဏ္ဍအသီးသီးတွင် အသုံးပြုနေကြပြီဟု ဆိုရမည်ဖြစ်သည်။ သို့ဆိုလျှင် စိုက်ပျိုးမွေးမြူရေးကဏ္ဍမှာကော ဘယ်နေရာတွေမှာ အသုံးပြုနေသလဲ? ဘယ်တုန်းက စခဲ့သလဲ? ဘာအကျိုးတရားတွေရှိသလဲ? မေးခွန်းရှိပါမည်။ စိုက်ပျိုးမွေးမြူရေးပိုင်းမှာ စတင်အသုံးပြုခဲ့သည်မှာ လေယာဉ်၊ ဂြိုဟ်တုနှင့် ဒရုန်းတွေဖြစ်သည်။ ၂၀ ရာစု အစပိုင်းက စခဲ့သည်ဟု ဆိုသည်။ လေယာဉ်ဖြင့် ဆေးဖျန်းခြင်း၊ သီးနှံနှင့် မြေယာအခြေအနေများကို ကင်မရာတပ်ဆင် လေ့လာခြင်းလုပ်ငန်းများဖြစ်သည်။ ဂြိုဟ်တုဓာတ်ပုံများဖြင့် သီးနှံစိုက်ပျိုးမှုအခြေအနေများကို လေ့လာဆန်းစစ်ခဲ့သည်။ ဒရုန်းများကို ၁၉၈၅ ခန့်တွင် စတင်အသုံးပြုခဲ့သည်ဟုဆိုသည်။

နောက်ပိုင်းတွင် ရာသီဥတုပြောင်းလဲလာမှု၊ လူဦးရေတိုးတက်လာမှု၊ သဘာဝအရင်းအမြစ် ရှားပါးလာမှုအခြေအနေများအရ သီးနှံ/တိရစ္ဆာန် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းစဉ်တစ်လျှောက် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ၌ အေအိုင်ကို တွင်ကျယ်စွာ အသုံးပြုလာကြသည်။ သီးနှံ/တိရစ္ဆာန်တစ်ဧက/တစ်ကောင်ချင်း၏ အခြေအနေများကို ဆင်ဆာ၊ ဂြိုဟ်တုစနစ်၊ ဒရုန်းတွေ အသုံးပြုစောင့်ကြည့်ပြီး လိုအပ်သလို ရေပေးသွင်းခြင်း၊ မြေဩဇာ/အစာကျွေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်းများကို လုပ်ဆောင်ပေးပြီး ထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။ ထွန်ယက်ပြုပြင်ခြင်း စိုက်ပျိုးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ ဆေးဖျန်းခြင်း၊ ရိတ်သိမ်းခြင်း စသည့် လုပ်ငန်းများတွင်လည်း အလိုအလျောက် စက်ရုပ် (Robot) များကို အသုံးပြုနိုင်သည့်အတွက် ယနေ့ခေတ်တွင် တိကျသည့် စိုက်ပျိုးမွေးမြူရေးစနစ် (Precision Agriculture) ဟုပင် ခေါ်ဝေါ်သုံးစွဲကြပါသည်။ မူဝါဒ ချမှတ်သူများအတွက်လည်း ယင်းသို့ တိကျသည့် ကိန်းဂဏန်း၊ လုပ်ငန်းစဉ်များအပေါ် အသေးစိတ်စောင့်ကြည့်သုံးသပ်နိုင်သည့်အတွက် စတင်စိုက်ပျိုး/မွေးမြူသည်မှ စျေးကွက်ရောက်သည်အထိ လုပ်ငန်းစဉ်အစမှ အဆုံး (Supply Chain) တစ်လျှောက်လုံးအတွက် လိုအပ်သည့် မူဝါဒ၊ ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန် ချမှတ်နိုင်မည့်အကျိုးတရားများကို ရရှိမည်ဖြစ်သည်။ ၂၀၂၃ တွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၌ အေအိုင်စျေးကွက် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံရှိသည်ဟု ဆိုသည်။ ၂၀၂၈ တွင် ၄.၇ ဘီလီယံထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

စိုက်ပျိုးမွေးမြူရေး သုတေသနလုပ်ငန်းများတွင်လည်း အေအိုင်မှာ တန်ဖိုးရှိသည့် မိတ်ဖက်တစ်ခု ဖြစ်လာခဲ့သည်။ သီးနှံမျိုးစပ်ခြင်းလုပ်ငန်းတွင် အလင်းတုပေးခြင်း၊ အပူချိန်ထိန်းညှိခြင်းများကို အေအိုင်ဖြင့် ဆောင်ရွက်ခြင်းဖြင့် သီးနှံမျိုးစပ်ခြင်းစက်ဝန်းကို လျင်မြန်စေခဲ့သည်။ ဗီဇမှတ်သားမှု (Gene-Marker)၊ ဗီဇတည်းဖြတ်မှု (Gene Editing) လုပ်ငန်းစဉ်တွေမှာ နောက်ဆုံးပေါ် အေအိုင်နည်းပညာတွေ အသုံးပြု

စာ-၁၅ သို့



ဒရုန်းဖြင့် ဆေးဖျန်းခြင်း




အစာကျွေးရိုဘော့